
စိတ်ကူးချိုချိုအနုပညာ

# မြန်မာသူရဿတီ

## ၂၀၀၁ စာစု

ဒေါက်တာသန်းထွန်း

mgyoe.com



# မြန်မာသူရဿတီ

၂၀၀၁ ရာစု

ဒေါက်တာသန်းထွန်း

ISBN 9789997111395

DTH8

9 789997 111395

2,500.00KS

mgyoe.com

မြန်မာသုရသသတီ (၂၀၀၁ စာစု)
ဒေါက်တာသန်းထွန်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀ ၇၀၇ ၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀ ၉၂၅ ၀၈၁၁
ထုတ်ဝေသူ - ဦးစန်းဦး
ပုံနှိပ်သူ - ဒေါ်ဝင်းမာ

မျက်နှာဖုံးတတ်ပုံ - အေအက်စ်တီ
ကွန်ပျူတာဖလင် - အီးဂဲလ်
လက်ခွဲဖလင် - အေဇက်
စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

၀၀၀ · ၀၄

သန်းထွန်း၊ ဒေါက်တာ
မြန်မာသုရသသတီ -၂၀၀၁ စာစု /
ဒေါက်တာသန်းထွန်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၁၊
စာမျက်နှာ ၂၀၁ မျက်နှာ၊
၁၄ ·၅ စင်တီ× ၂၂ စင်တီ
(၁) မြန်မာသုရသသတီ -၂၀၀၁ စာစု

၂၀၁၁၊ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ

◆ သန်းထွန်းအကြောင်း အရိပ်အမြွက် -
၁ မြန်မာသူရဿတီ ၁
၂ ပုဂံဂူကျောင်းတွေ အရှေ့အရပ်ကို မျက်နှာမမူရင် ဘာသဘောလဲ ၁၀
၃ ရှေးဦး မြန်မာစာပေသမိုင်း ၁၆
၄ မင်းလက်သစ် ၂၄
၅ A New Nose and Hands for His Majesty ၂၆
၆ ဘူးရွက်မည်ိုး ၂၀
၇ ဗုဒ္ဓါရုံမောကန် ၃၃
၈ မြတ်စွယ်တော် ၄၉
၉ မြန်မာ ဝိဇ္ဇာ သိပ္ပံ အကေဒမီ ၅၂
၁၀ မင်းသား ဂျွန်ဝိလီယမ် မောင်လတ်
(မတ် ၁၈၅၂ ၂၀ ဇန်နဝါရီ ၁၉၃၆) ၅၇
၁၁ နှစ် ၁၆၀၀ မတိုင်မီ ဟံသာဝတီ ၆၃
၁၂ စည်းစိမ်မပျက် အသက်မသေ ၆၈
၁၃ နယ်စပ်ဒေသအုပ်ချုပ်ရေး ဖြစ်ထွန်းလာပုံ ၇၃
၁၄ ကုန်းဘောင်ခေတ် ကျေးလက် လူမှု စီးပွား ဘဝ
(၁၇၅၂ ၁၈၈၅) ၉၀



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# သန်းထွန်းအကြောင်း အရိပ်အမြွက်

၆ ဧပြီ၊ ၁၉၂၃ မှာ မွေးတဲ့ သန်းထွန်းက ရန်ကုန်တက္ကသိုလ်ကပေးတဲ့ ပထမဘွဲ့ ဝိဇ္ဇာ၊ ဒုတိယဘွဲ့ ဝိဇ္ဇာဂုဏ်ထူး (သမိုင်း)၊ တတိယဘွဲ့ မဟာဝိဇ္ဇာ (သမိုင်း)၊ စတုတ္ထဘွဲ့ ဥပဒေဝိဇ္ဇာ၊ လန်ဒန်တက္ကသိုလ်ကပေးတဲ့ Ph.D နဲ့ D.Lit များကို မြန်မာနိုင်ငံ ရှေးဟောင်းသမိုင်းနဲ့ဆိုင်တဲ့ အထောက်အထား တွေ အသုံးပြုပြီး ကျမ်းတွေ၊ စာတမ်းတွေ ပြုစုရေးသားတဲ့အတွက် ရရှိခဲ့ပါ တယ်။ (ဂုဏ်ထူးဆောင်ပေးသောဘွဲ့များ မဟုတ်ပါ။)

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြက ကထိကအထိ တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပြီးနောက် မန္တလေးတက္ကသိုလ်မှာ သမိုင်းပါမောက္ခ အဖြစ် တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပါတယ်။ စာသင်ကြားပို့ချရေးကို ပေါ့ပေါ့ တန်တန် လုပ်ပြီး သုတေသနကို လေးလေးနက်နက် လုပ်ပါတယ်။ ဒါနဲ့ တောင် အလုပ်မပြုတ်ဘူးလို့ အံ့သြသူတွေ ရှိပါတယ်။

သုတေသနရောင်းရင်းအဖြစ် ကျိုတိုတက္ကသိုလ်၊ တိုကျိုနိုင်ငံခြား ဘာသာသင်တက္ကသိုလ်၊ တိုကျိုခရစ်သာသနာဝင်တက္ကသိုလ်၊ မြောက် အီလီ နွိုက်တက္ကသိုလ်၊ မစ်ချီဂန်တက္ကသိုလ်တွေမှာ အစုစု ရှစ်နှစ်မျှ အမှုထမ်းခဲ့ပါ

mgyoe.com

mgyoe.com
တယ်။ ခရစ်နှစ်၊ နှစ် ၂၀၀၀ မှာ ဖုကုအိုကာ ပညာရှင်ဆုကို ရခဲ့လို့ သမိုင်း သုတေသနလုပ်ငန်းကို အများကြီး ပွားများလုပ်ကိုင်ခွင့် ရခဲ့ပါတယ်။

အခု အသက် ၈၁ မှာ အိုနာကလွဲလို့ တခြား ဘာရောဂါမှမရှိ၊ ရှေး ကအတိုင်း သုတေသနကို လုပ်မြဲဖြစ်ပါတယ်။ တက္ကသိုလ်တွေက ကူညီပြီး သင်ကြားပေးဖို့ ခိုင်းကြလို့ စိတ်ဆင်းရဲနေပါတယ်။ ရှောင်နိုင်ဖို့လည်း အားပြု ဆဲ ဖြစ်ပါတယ်။

ဇနီး ဒေါ်ခင်ရီ၊ သမီး မဥ္စူတို့နဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့တော် လှိုင်မြို့ နယ်၊ ရပ်ကွက် ၁၁၊ ယောဂီကျောင်းလမ်း၊ အိမ်နံပါတ် ၁၅၅ (က)မှာ နေထိုင်ပါတယ်။

ကိုယ်ရှာဖွေတွေ့ရှိတဲ့ အသိသစ်ကို သူတစ်ပါးကိုလည်း အသိပေးဖို့ လိုတဲ့အတွက် စာရေးပါတယ်။ စာရေးဆရာ မဟုတ်ပါ။

သန်းထွန်း
၂၀၀၄၊ ဧပြီ၊ ၁–၁၅၊
ခေတ်ဆန်းဂျာနယ်၊ အမှတ် ၇/၀၄။

mgyoe.com

mgyoe.com

# မြန်မာသူရဿတီ

*(အင်္ဂလိပ်ဘာသာနဲ့ ဒီစာတမ်းကို အရှေ့တောင်အာရှ လေ့လာရေး ဂျာနယ်ကျိုတို၊ အတွဲ (၁၄)။ အမှတ်(၃)၊ဒီဇင်ဘာလ(၁၉၇၆) (၄၃၃–၄၁)မှာ ပုံနှိပ်ပြီး)*

သူရသွတီ (သူရဿတီ)ဟာ ခေတ်ဦး အာရိယန်တွေ အထွတ်တမြတ်ထားတဲ့မြစ် ဖြစ်တယ်။ ဒီမြစ်မှာ သားဆုပန်လို့ရတယ်။ ကျန်းမာဝဖြိုးဖို့၊ ချမ်းသာကြွယ်ဝဖို့ကိုလည်း ဆုတောင်းနိုင်တယ်။ ဒီမြစ်ဟာ ဟိမဝန္တာတောင်က စီးဆင်းပြီး သဲကန္တာရထဲမှာ ပျောက်ကွယ်သွားတဲ့မြစ်ဖြစ်တယ်။ ယခုအခါ သရ်သုတ်လို့ အလွယ်ပဲခေါ်နေကြပါပြီ။ သူရသွတီ နတ်သမီးကို ပညာသင်ကြားရေးနဲ့ နှုတ်ပြောကိစ္စမှန်သမျှကို ထိန်းသိမ်းစောင့်ရှောက်ကူညီတဲ့ နတ်သမီးလို့ ယုံကြည်တယ်။ ဗြဟ္မနတ်မင်းကြီးရဲ့ ကြင်ယာတော်ဖြစ်တယ်။ (Dowson 1961, 2845)၊ ခေါမ ရောမပုံပြင်တွေထဲမှာ ဒီနတ်သမီးမျိုးကို အသီနာ၊ မိနာဗာ (Oswalt 1969,49-52, 188-9)လို့ ခေါ်ပါတယ်။ ဟိန္ဒူတွေက ဒီနတ်သမီးဟာ ငန်း၊ ဒေါင်းစတဲ့ စီးတော်ယာဉ်နဲ့ လှပတဲ့ သမီးပျိုဖြစ်တယ်။ လက်ထဲမှာ ဝိနလို့ခေါ်တဲ့ စောင်းကို ကိုင်

mgyoe.com

mgyoe.com


ထားလေ့ရှိတယ်လို့ ဆိုတယ်။ (Thomas 1961: 61,102, ပုံ ၃၇၊ ၇၂ နဲ့ မျက်နှာချင်းဆိုင်)။

မဟာယာနဂိုဏ်းက ဟိန္ဒူနတ်စင်က နတ်တွေကိုလည်း တွဲဖက်ကိုးကွယ်တယ်။ အဲဒီတော့ သရသွတီလည်း (မဟာယာနနတ်စင်)ပေါ် ရောက်သွားပါတယ်။

ဗုဒ္ဓသာသနာဝင်တွေလည်း တစ်မျက်နှာ လက်နှစ်ဖက်ကနေပြီး သုံးမျက်နှာလက်ခြောက်ဖက်ရှိတဲ့ ဟိန္ဒူနတ်သမီးတွေကို ကိုးကွယ်ပါတယ်။ ဒီနတ်သမီးက အသိဉာဏ်တိုးအောင်၊ စာပေလေ့လာမှုထူးချွန်အောင်၊ ဉာဏ်ထက်မြက်စူးရှအောင်၊ မှတ်ဉာဏ်တွေကောင်းအောင် အရာရာမှာ မတယ်လို့ ဆိုပါတယ်။ (Bha Hacherya 1958,349, Pages 23-231,234 & 235, 369-70)။

မဟာယာနဝါဒ မြန်မာကို ရောက်လာတဲ့အခါ မြန်မာမှာလည်း ဒီနတ်သမီးကိုးကွယ်တဲ့လူ များလာပါတယ်။ ဒါပေမဲ့ ခုထိ ရှေးဟောင်း သုတေသန တူးဖော်ရေးတွေမှာ ဘယ်မှာမှ ဒီနတ်သမီးရုပ်ပုံကို တူးဖော်တွေ့ရှိတယ်လို့ ပြောသံမကြားပါ။ ဒါပေမဲ့ ၁၁ ရာစုနှစ် နှောင်းလက်ရာလို့ ထင်ရတဲ့ ပုဂံနံရေး ဆေးရေးတစ်ခုကိုတော့ တွေ့နေပါပြီ။ စီးတော်ယာဉ်ဖြစ်တဲ့ ဘဲငန်းပေါ်မှာ သူ့ရဿတီနတ်သမီးပဲ ဖြစ်တယ်လို့ ထင်ပါတယ်။

(ပုံ ၁) ကို ကြည့်ပါ။ မြင်းကပါ အပယ်ရတနာ ဘုရားအတွင်းမှာ နံရံအထက်ပိုင်းမှာ အရုပ်တစ်ဆယ့်ရှစ်ခုဟာ ဗြာဟ္မဏဝါဒဆိုင်ရာ အရုပ်တွေဖြစ်မယ်ထင်ပါတယ်။ နံရံတွေရဲ့အတွင်း ဂန္ဓကုဋိအပြင်ဘက်၊ တောင်နဲ့ အနောက်ခြမ်းတွေဖြစ်တယ်။ ဒီဂူဘုရားကို ဂြိတြိဘုဝနာဒိတျခမ္မရာဇဘွဲ့ရှိတဲ့ ထိလိုဏ်မင်း မိဖုရား အပယ်ရတနာ တည်ဆောက်ခဲ့တယ်လို့ ပြောကြပါတယ်။ အခုပြောတဲ့ အရုပ်တွေရဲ့အောက်မှာ အမည်ဖော်ပြရေးသားချက် မရှိလို့ ဘယ်နတ်တွေဖြစ်မယ်လို့ ပြောဖို့ ခက်နေ



ပုံ (၁)

mgyoe.com

ပါတယ်။ ပခုံးတစ်ခုပေါ်မှာ ခေါင်းတွေ များနေတယ်။ ကိုယ်တစ်ခုတည်းမှာ လက်ရုံးတွေ များနေတယ်။ စီးတော်ယာဉ်တော့ ကိုယ်စီရှိပါတယ်။ အဲဒါနဲ့ တချို့ပညာရှင်တွေက ဒီအရုပ်တွေဟာ ဗြဟ္မာနတ်မင်းကြီး၊ သိဝနတ်မင်းကြီး၊ ဗိဿနိုးနတ်မင်းကြီး ဆိုတာတွေ ဖြစ်မှာပဲလို့ ယူဆနေကြတယ်။ ပြီးတော့ ဒီအရုပ်တစ်ဆယ့်ရှစ်ရုပ်ထဲက တစ်



(ပုံ-၂)

ဆယ့်ခြောက်ခုမြောက် အရုပ်က ဟင်္သာဖြူပေါ်မှာ ထိုင်နေတဲ့ သရဿတီ ဖြစ်ပါတယ်။ (Luce 1969, ၂၂၆) နည်းနည်းသတိထားပြီး ချင့်ချိန်ချင်တဲ့ လူမျိုးကတော့ ဘဲစီးတဲ့ ယောက်ျားလို့လည်း ပြောရမှာဖြစ်တယ်။ (မြ ၁၉၇၄၊ ၁၀၆နဲ့ ၁၇၁၊ ပုံ ၁၀၉)။ ဘာပြုလို့လဲဆိုတော့ ဘဲငန်းပေါ်မှာထိုင်နေသူက အမျိုးသမီးပုံနဲ့ မတူပါ။ ဆံပင်ထုံးပုံနဲ့ ရင်အုံကို ကြည့်လိုက်ရင် အမျိုးသမီး မဟုတ်တာကို ထင်ရှားပြနေပြီလို့ ဆိုနိုင်ပါတယ်။ စီးတော်ယာဉ်ကြည့်ပြီး အရှင်သခင်ကို ပြောနိုင်တယ် ဆိုပေမဲ့လည်း တချို့သတ္တဝါကို နတ်အတော်များများက အသုံးပြုကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ ခြင်္သေ့ကို အသုံးများတယ်။ ဒေါင်းလည်း အသုံးများတယ်။ (အမှတ်၂) ဖြစ်တဲ့ လိပ်စီးသူ (Luce I 1969, 226, III 1970, PI 221 c 89.222 f) ဟာ ယမုနာနတ်သမီးဖြစ်ဖို့များပေမဲ့ ကိုယ်ခန္ဓာက အမျိုးသားဖြစ်နေတယ်။ (ပုံ ၂)။ ဒီလိုတစ်မျိုး ဟိုလိုတစ်မျိုး ဘယ်လိုပဲ ပြောကြပေမဲ့ မဟာယာန နတ်စင်က သရဿတီ နတ်သမီးတော့ ပုဂံဂူဘုရားတစ်ဆူဆူက နံရံမှာရေးဆွဲထားပြီး ရှိနေမှာ ဖြစ်တယ်လို့ ယူဆနိုင် ပါတယ်။ အခု အပယ်ရတနာက ပုံကတော့ သူရဿတီ စစ်မှန်တယ်လို့လည်း မပြောနိုင်ပါ။

ခရစ် ၁၀၈၄ မှာ ရေးထိုးတဲ့ ရွှေစည်းခုံ မွန်ကျောက်စာမှာ သူရဿတီ နာမည်ကို ဒီလိုတွေ့ပါတယ်။

ယင် ပြဈှာမက္ကမောအ် သရဿတိ
ဂေါးသ္တာဝ်ဍေယ် မုခဝါရ်.

mgyoe.com

mgyoe.com


ဂုသိုင် ဂြိုဟ်ဘုဝနာ ဒိယျ ဓမ္မရာဇ
ဂေါး အုတ်ကုကာလ်၊
(ချစ်သိန်း ၁၉၆၅၊ မွန်ပိုင်း ၂၅)။
သူရဿတီ ခုမည်သော ပညာ
သည် အရှင် ဂြိုဟ်ဘုဝနာ ဒိတျ
ဓမ္မရာဇမင်း၏ နှုတ်ခံတွင်း၌
အခါခပ်သိမ်း တည်နေလတ္တံ့။
(ချစ်သိန်း ၁၉၆၅၊ မြန်မာနှစ် ၁၆)



ပုံ (၃)

ဒီနေရာမှာ ဆိုလိုရင်းက ဘုန်းတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ရဲ့နှုတ်ကို သူရဿတီနတ်သမီးစောင့်တဲ့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ကောင်းတဲ့စကား အကျိုးရှိမဲ့စကား အဆင်ခြင်တရားရှိတဲ့ စကားကိုပဲ အမြဲပြောပါလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်ဖြစ်ပါတယ်။ အခုကျောက်စာက ထိလိုဏ်ရှင် (ကျန်စစ်သား) ကျောက်စာဖြစ်တဲ့အတွက် အဲဒီမင်းရဲ့ (နန်းတော်) အိမ်တော်မှာ သူရဿတီပုံတော်ရှိနိုင်တယ်။ ဆက်စပ်စဉ်းစားရတာ ဖြစ်ပါတယ်။ အဲဒီမင်းရဲ့ (ခရစ် ၁၁၁၀) နန်းတော်တည် ကျောက်စာမှာ နာရာယန (ဗိဿုဗိဿနိုးနတ်မင်းကြီးနဲ့ ကြင်ယာတော်ဂြိုဟ် (လက္ခမီ) နတ်မိဖုရား ရွှေရုပ်တုတွေကို နန်းတော်မှာ ထားတယ်လို့ ရေးထားပါတယ်။ (ချစ်သိန်း ၁၉၆၅၊ ၆၉၊ ၄၀)။


(ညောင်ဦး) ရွှေစည်းခုံရဲ့ အနောက်တောင်မှာ ကပ်ရက် ကျန်စစ်သားဥမင်ရှိတယ်။ ဥမင်အတွင်းနံရံမှာ ပုဂံဘယ်နေမှာမှ မတွေ့နိုင်တဲ့ ဆေးရေးရုပ်တွေရှိပါတယ်။ ကျန်စစ်သားက ပုဂံမှာ ခရစ်နှစ် (၁၀၈၄)က (၁၁၁၃)ထိ အုပ်ချုပ်မင်းလုပ်သူဖြစ်တယ်။ ဒါပေမဲ့ ဥမင်ကို တူးတဲ့နှစ် အရုပ်တွေ ဆွဲတဲ့နှစ်ကိုတော့ မပြောနိုင်ကြပါ။ အားကိုးစရာ ဘာတစ်ခုမှမရှိဘူးဆိုရင် အချက်တစ်ချက်တော့ ပြောရမှာပါ။ ဘာလဲဆိုရင် လိုဏ်တွင်းတစ်နေရာမှ အရုပ်နှစ်ခု

mgyoe.com


(ပုံ-၄)

ယှဉ်ရက် ရေးဆွဲထားတာရှိတယ်။ လေးမြားဆွဲတဲ့ ခြေလျင်စစ်သား (ပုံ ၃)နဲ့ ဘယ်လက်မှာ လင်းယုန်ငှက်ကို တင်ပြီး ကုလားထိုင်မှာ ထိုင်နေတဲ့ မောင်ဂို စစ်ဗိုလ်တစ်ယောက် ပုံ(၄) ဖြစ်ပါတယ်။

လေးသည်တော်ရော၊ စစ်ဗိုလ်ပါ မောင်ဂိုနဲ့တူတယ်လို့ထင်မိပါတယ်။ မောင်ဂိုလို့ပြောတာ တကယ်လို့ မှန်ကန်တယ်ဆိုရင် မောင်ဂို ကျူးကျော်စစ် ခရစ်တစ်ဆယ့်သုံးရာစုနှစ်ကုန်လုခါနီးမှာ ကြုံဆုံခဲ့ရလို့ အဲဒီအချိန်နဲ့ ကပ်လျက်တစ်ချိန်ချိန်မှာ ရေးဆွဲခဲ့တာ ဖြစ်မယ်လို့ ထင်ရပါတယ်။ နောက်လိုဏ်ဂူရဲ့ တစ်နေရာ (ပုံ ၅)မှာ ကျွန်တော့်အထင် သရဿတီပုံ နှစ်ပုံကိုရေးဆွဲထားတာ တွေ့ရပါတယ်။



(ပုံ-၅)

အမျိုးသမီးရုပ်ပုံဖြစ်တာ တစ်ခုတည်းနဲ့ ဒါဟာ သရဿတီပုံတော် ဖြစ်ရမယ်လို့ပြောဖို့ခက်တယ်ဆိုတာ သိပါတယ်။ ဒီပုံမျိုးကို (မယ်တော်ကြီးပုံဆိုရင် လက်ထဲမှာ ဝိနစောင်းကို ကိုင်ထားပြီး အနီးအပါးမှာ ငန်းဘဲဖြစ်စေ၊ ဒေါင်းဖြစ်စေ ရှိနေရမှာ ဖြစ်ပါတယ်။ ဒီလို "အစီးအနင်း အဆောင်အရွက်" မမြင်ရင် ဒီပုံတော်ဟာ နတ်သမီးပုံရယ်လို့ ပြောဖို့ခက်ပါတယ်။ အခုပြောတဲ့ ရုပ်ပုံနှစ်ပုံစလုံးဟာ အမျိုးသမီးပုံတွေဖြစ်ပါတယ်လို့ ပြောနိုင်ပါတယ်။ ဥက္ကောင်းဝန်းကျင်မှာလည်း အဖြူစကက်ဝန်းရှိနေလို့ ရှိသေလေးမြတ်ခြင်း ခံရသူတစ်ဦးဦး ဖြစ်မှာကတော့ သေချာတယ်။ ဘယ်ဘက်ကို မျက်နှာ ခပ်ယိုင်ယိုင်နေတဲ့

mgyoe.com



(ပုံ-၆)

အမျိုးသမီးက ဘယ်ဘက်လက်မှာ ပိတ်ထားတဲ့ ထီးဖြူတော်ကို ကိုင်ထားတယ်။ ညာဘက်က အိုးတစ်လုံးကို ကိုင်ထားတယ်။ (ပုံ ၆)မျက်နှာ ညာဘက်ယိုင်ယိုင်ထားတဲ့ အမျိုးသမီးမှာ ဘက်လက်နဲ့ အိုးတစ်လုံး၊ ညာလက်နဲ့ ကွင်းနှစ်ကွင်း ကိုင်ထားတယ်။ အသေးစိတ်မမြင်ရလို့သာ အသေအချာ ဘာပုံဖြစ်တယ်လို့ မပြောရဲပေမဲ့ ကွင်းနှစ်ကွင်းဟာ သွဿတိက (Swaslika)ဖြစ်မယ် ထင်ပါတယ်။ အဖြူစက်ဝန်း ညာဘက်က မြွောင်ပြီး ကြာတစ်ပွင့် ထွက်ပေါက်နေတယ်။ ပုံ (၇)ထီးဖြူကြာပန်း၊ ကလပ (ကလသာအိုး)နဲ့ စကြာ (သွဿတိက)၊ ဒီလေးမျိုးထဲမှာ ရွှေငါးနှစ်ကောင်၊ ခရုသင်း၊ အလံတော်နဲ့ ဂြိဝတ္ထ (အိမ်



(ပုံ-၇)

မွန် Srivatsa) ပုံတွေနဲ့ဆိုရင် မဟာယာန ထူးမြတ်တဲ့ သင်္ကေတ ရှစ်မျိုး စုံလင်အောင် ရှိသွားပြီလို့ ဆိုရမှာပါ။ (Singi ၁၉၆၈၊၈၁) ကြာပန်းမြင်တာနဲ့ သရဿတီ နတ်သမီးဖြစ်မယ်လို့ မှန်းဆနိုင်ပါပြီ။ အဲဒါအပြင် ကျန်စစ်သား ဥမင်ထဲက နတ်သမီးရုပ်ပုံတွေဟာ လဒခ် (Ladakh)က အယ်ကျီဘုန်းတော်ကြီးကျောင်း (Alchi Monastey) မှာ တွေ့တဲ့ (ခရစ် ၁၁၊ ၁၂ရာစုနှစ်က ရေးဆွဲထားခဲ့) မဟာသရဿတီ နတ်သမီးပုံ (ပုံ ၈)နဲ့ တော်တော်တူတာကို

mgyoe.com

mgyee.com



(ပုံ-၈)

တွေ့နိုင်ပါတယ်။ မဟာသရဿတီကငန်းဘဲကိုခြေတော်တင်ထားတယ်။ ကျန်စစ်သား ဥမင်က ငန်းဘဲမရှိဘဲ ခြားနားတယ်။

နိဂုံးချုပ်ပြောရရင် ကျန်စစ်သား ဥမင်ထဲက အမျိုးသမီးနှစ်ဦးရဲ့ပုံတွေဟာ မဟာယာနဂိုဏ်းက သရဿတီမယ်တော်ကြီးပုံတွေ ဖြစ်မယ်။ ခရစ် တစ်ဆယ့်သုံးရာစုနှစ် ကုန်ခါနီးက ရေးဆွဲသွားမယ်ထင်ရတယ်။ သရဿတီကို ကျောက်စာမှာ အစောဆုံးဖော်ပြတာကတော့ ခရစ် (၁၂) ရာစုနှစ်ဦးက ဖြစ်ပါတယ်။

## ဖြည့်စွက်ချက်

နူတ်ကိုစောင့်တဲ့ နတ်သမီးဟာ ဟိန္ဒူနတ်စင်မှာနေရာနိမ့်မယ်။ (Bath 1969,253) သီဝနတ်မင်းကိုးကွယ်တဲ့ လူတွေပဲ ဒီနတ်သမီးကို ပသကြတယ်။ အကြင်နာရှိတယ်ဆိုတဲ့သဘောနဲ့ ဗုဒ္ဓသာသနာဝင်တွေကလည်း ကိုးကွယ်ပါတယ်။ (Elist 1968, 145-6, Bhattacharyya 1958, 350, Gupte 1964, 9 & 109)။ ဒီလို ဗုဒ္ဓသာသနာဝင်တွေကပါ ကိုးကွယ်တာဟာ ခရစ် (၅)ရာစုနှစ်လောက်က စပါတယ်။ သူတို့ကတော့ ဗုဒ္ဓသာသနာကိုစောင့်ရှောက်တဲ့ နတ်မင်းကြီးတွေနဲ့ တန်းတူ အဆင့်မြင့်မြင့်ထားပြီး ကိုးကွယ်တယ်။ ဗြဟ္မာရဲ့ ကြင်ယာတော်ဖြစ်လို့ ပညာ့ဂြိုဟ်ရဲ့သတ္တိ (ကြင်ယာ)အဖြစ်ကိုးကွယ်တယ်။ (Elist 1965, 105, Smith 3rd Ed., 151) တရုတ်၊ ဂျပန်၊ တိဗက် ဗုဒ္ဓသာသနာဝင်တွေကလည်း အရေးပါတဲ့ တန်ခိုးရှင်အဖြစ်ပူဇော်ပါတယ်။ (Grunwedd 105) ဘယ်ဘက်လက်မှာ ပုတ္ထက (ကျမ်းစာအုပ်)နဲ့ ဗဒ္ဓ(ကြာ)ကို ကိုင်ထားပြီး ညာဘက်လက်မှ အက္ခမာလ (စိတ်ပုတီး)ကိုင်ပြီး ဝရဒမုဒြာ (ဆုလာဘ် ပေးသနားဟန်) (Goets 1964.104 Gupte, 1102116, 19.2, 128) ဒီနတ်သမီးက (အသိပညာ နတ်သမီး)

mgyee.com

ပြဇ္ဈာ ပါရမိတာထက် အဆင့်မြင့်ပါတယ်။ (Gapte. 106, 107 & 108)။ ဒီလိုအဆင့်ပြောင်းလဲတိုးတက်တာက ဝဇြယာနဗုဒ္ဓသာသနာ အိန္ဒိယမှာ ၇ နှင့် ၈ ရာစုနှစ်တွေ ထွန်းကားချိန်ကမှ စတင်ဖြစ်ပေါ်တာလို့ ယူဆတယ်။ (Gupre, 28) ... ဂျပန်မှာ သရဿတီနတ်သမီးကို ဗဲန်ထေန်အရှင်တို့ သိကြပါတယ်။ (Gupte 109, Grunwedd 105, 148 in)

မြန်မာနိုင်ငံမှာ သရဿတီ ကိုးကွယ်ခြင်း စတင်တာဟာ ရွှေစည်းခုံ မွန်ကျောက်စာမှာ တွေ့တာဖြစ်လို့ ခရစ် ၁၀၄၈ လောက်သာ ဖြစ်မယ် ထင်ပါတယ်။ ဒါပေမဲ့ မြန်မာစာပေထဲမှာ အများကြီး ဖော်ပြရေးသားတာကို (တိုးလှက ရတုရကန် ဧချင်းပျို့တွေထဲမှာ တွေ့ရပုံကိုရှာပြီး ပေးဖူးပါတယ်)။ အဲဒီအကိုးတွေဟာ ၁၄၉၄ က ၁၉၄၂ ထိ ကာလအတွင်းက ရေးသားတာတွေ ဖြစ်တယ်။ အဲဒီစာပေထဲမှာ သရဿတီကို ဉာဏ်ပညာ နှုတ်မှုရေးရာနဲ့ဆိုင်တဲ့ နတ်သမီးအဖြစ် သတ်မှတ်ပါတယ်။ ဟိန္ဒူတွေရဲ့ နတ်သမီးက ဗုဒ္ဓဘာသာကို စောင့်ရှောက်တဲ့ နတ်သမီးဖြစ်လာပုံကို ဂါထာခြောက်ဆယ်ပျို့ (အပိုဒ် ၇၈)မှာ တွေ့မယ်၊ ရေကန်မှာ ဘုံဗိမာန်ရှိတဲ့ နတ်သမီးလို့ ဝေါဟာရလီနတ္ထ (အပိုဒ် ၇၂)မှာ တွေ့မယ်။ ဟိတကာရီ (အပိုဒ်၃) နာနာဆန္ဒ (အပိုဒ် ၁၀၆)နဲ့ အာဒိကပ္ပ (၁၁၆) မှာ ဒီနတ်သမီးဟာ အသားဖြူတယ်။ စီးတော်ယာဉ်မှာ ဟင်္သာ၊ လက်တစ်ဖက်မှာ ကြာပန်းကိုင်ထားတယ်လို့ ဖော်ပြထားပါတယ်။ လက်ဝဲနော်ရထာ လျှောက်ထုံး (၂၁၄–၁၅)မှာ ကမ္ဘာမြေတည်စကပဲ ဒီနတ်သမီးရှိပါတယ်။ အင်မတန်တန်ခိုးကြီးတယ်၊ နှုတ်ပြောမှာ သိပ်ချိုးမွမ်းလောက်အောင် ကောင်းတယ်။ သူမ စောင့်ရှောက်တဲ့လူဟာ အပြောလိမ္မာတယ်။ အဖိုးတန်တဲ့စကားပဲ ပြောတယ်လို့ယုံတယ်။ လောကီစာတွေ ရေးသားပြုစုတဲ့ ရာမ၊ သမ္ဗနဲ့ ဒဏ္ဍီတို့က ကျမ်းအစမှာ ဒီနတ်သမီးကို ကန်တော့စကားဆိုလေ့ရှိတယ်။ လောကုတ္တရာကျမ်းကို ရေးရင်လည်း ဒီနတ်သမီးရဲ့ အမအစကို ခံယူလိုတယ်လို့ ပြောကြပါသေးတယ်။ ဘာပြုလို့လဲဆိုတော့ ဒီနတ်သမီးလက်မှာ ပိဋကတ်သုံးပုံကို ကိုင်ထားတာ တွေ့ရသေးလို့ ဖြစ်ပါတယ်။ သရဿတီက သာသနာကို စောင့်ရှောက်တယ်ဆိုတာ ဘုရားတရားတော်ကို စောင့်ရှောက်တာဖြစ်တယ်လို့ ဆိုလိုတဲ့ သဘောသက်ရောက်ပါတယ်။ တောင်တွင်းဆရာတော် ၃၁ ညြဂုတ် ၁၇၆၂ က ရေးသားပြောဆို

mgyoe.com

တယ်လို့ တွေ့ရဖူးပါတယ်။ (လက်ဝဲနော်ရထာလျှောက်ထုံး ၂၁၄–၁၅)။ အခုခေတ်အခါမှာ ဒီနတ်သမီးဆိုင်ရာ ပူဇော်ပသပုံကို ဗလိနတ်စာပူဇော်နည်း (ရန်ကုန် သုဓမ္မဝတီ၊ ၁၉၅၁၊ ၁၃၊ ၁၇၊ ၂၉၃၀နဲ့ ၉၇) မှာ တွေ့တယ်။ အောက်ပါကျမ်းနဲ့ စာစောင်တွေမှာလည်း တွေ့မယ်။


စိန်ဖေ ဘုရားကိုးဆူပူဇော်နည်းစာတမ်း၊ ရန်ကုန်။
ရွှေတိဂုံ ဦးပျိုင် စာအုပ်ထုတ်လုပ်ငန်း၊ ၁၉၇၃၊ ၁၁၁–၁၂၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၅၊ ၁၂၇ နဲ့ ၂၄၅

ဂုဟ အေပြသဒ် "ဂေါရမန္တ (ခေါ်) ဂေါရ ဝိန္ဓာ – မြန်မာနတ်"
2BRS x EIII i, June 1960 , 51-5

ကျော် (ဒိဗ္ဗစက္ခုဆရာ) အိမ်ဖြူတော် ...
မန္တန်ပေါင်းချုပ်၊ ရန်ကုန်၊ သုဓမ္မဝတီ၊
၁၉၆၁၊ ၁၃၉၊ ၁၄၀၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၁၊ ၁၅၂၊ ၁၅၅၊ ၁၅၇နဲ့ ၁၆၁

ထင်အောင် "The Nine Gods" ၂BRS xxx VII, ii ; Rec 1954,1-9

ဖိုးခ သုံးဆယ်ခုနှစ်မင်း၊ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်၊ ၁၉၇၃၊ ၁၆၊ ၂၀၊ ၂၁နှင့် ၂၄။


သုရဒ္ဓ၊ အတွဲ (၁)၊ အမှတ် (၁၂)၊
ဒီဇင်ဘာလ၊ ၂၀၀၁။

❐

mgyoe.com

mgyoe.com


# ပုဂံဂူကျောင်းတွေ အရှေ့အရပ်ကို မျက်နှာမမူရင် ဘာသဘောလဲ

မြန်မာဘုရားကျောင်းတွေရဲ့ အဝင်အထွက် မုခ်ပေါက်လေးပေါက်ကို အရပ်လေးမျက်နှာအလိုက် ဖောက်ထားလေ့ရှိပါတယ်။ ဥပမာ ရန်ကုန် ဆူးလေ၊ ရွှေတိဂုံစေတီတွေမှာ အရပ်လေးမျက်နှာအလိုက် စောင်းတန်း လေးခုရှိသလိုပါပဲ။ ဂူ (သဘာဝလိုဏ်ဂူရဲ့အတု) ငယ်ငယ်ဆိုရင် အရှေ့ ဘက်ကို မုခ်ပြုမြဲဖြစ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ မြတ်စွာဘုရားရှင် ကိန်းဝပ်တဲ့ ပလ္လင်တော်ဟာ အနောက်နံရံနဲ့ ကပ်ထားပြီး ပလ္လင်ပေါ်က ကိုယ်စားတော် (ဆင်းတု)ကို အရှေ့မျက်နှာမူထားတယ်။ ဘုရားရှိခိုးဖို့ ဝင်ရောက်လာတဲ့ ရဟန်းရှင်လူအများက အရှေ့အရပ်က ထိုင်ပြီး အနောက် ဘက်မှာရှိတဲ့ မြတ်စွာဘုရားရုပ်ပွားတော်ကို ဖူးမြော်ကန်တော့ကြရပါတယ်။ အဲဒီအနေထားကို အသင့်မြတ်ဆုံးလို့ ယူဆကြပါတယ်။ ဒီလိုဆိုရင် မုခ် ပေါက်ကို အရှေ့ဘက်ဆီက မထားခဲ့ရင် ... ဘာအကြောင်းထူးများ ရှိသလဲ လို့ စုံစမ်းလိုစိတ် ဖြစ်ပေါ်လာပါတယ်။

အဆောက်အအုံ တစ်ခုခုကို ဒီဘက်ကပဲ အဝင်အထွက်လုပ်လို့


mgyoe.com

ရမယ်ဆိုရင်၊ အဲဒီရတဲ့ဘက်ကပဲ ဝင်ရထွက်ရမှာ ဖြစ်တယ်။ ဒါဖြစ်မြဲကိစ္စပါ။ သဘာဝလိုဏ်တွေကို ဘုရားကျောင်းလုပ်ထားတဲ့ ကျောက်ကူးဥမင် (ညောင်ဦး)ဆိုရင် မြောက်ဘက်မှခ် ဖြစ်နေတယ်။ (ဧရာဝတီမြစ်မကြီးထဲကို အရှေ့ကစီးဝင်လာတဲ့ ချောင်းငယ်ရဲ့ တောင်ဘက်ကမ်းပေါ်မှာရှိလို့ ဝင်ပေါက်ကို မြောက်ဘက်ကလွဲလို့ တခြားဝင်စရာနေရာ မရနိုင်ပါ)။ တစ်ခါတစ်ရံ လမ်းမကြီးကိုလိုက်ပြီး ဝင်ပေါက်ထားရပါတယ်။ ဥပမာ လမ်းက တောင်မြောက်တန်းနေခဲ့ရင် လမ်းရဲ့အရှေ့ခြမ်းက ဂူဘုရားတွေက အနောက်ဘက်မှာ မုခ်ကိုထားရမယ်။ လမ်းရဲ့အနောက်ခြမ်းက အရှေ့မုခ်ထားရမယ်။ ဘုရားလေးမျက်နှာဆိုရင် မုခ်လေးဖက်ရှိရမယ်၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ လွယ်ကူအောင် ရှေးဟောင်းသုတေသနရုံးက လမ်းမကို ရှေးရှုတဲ့ဘက်က မုခ်ကိုချန်ပြီး ကျန်တဲ့မုခ်သုံးဖက်ကို ပိတ်ဆို့တတ်တယ်။ ဒီအခါမှာလည်း ဖွင့်ပေးထားတဲ့မုခ်ဟာ လမ်းမဘက်ကဖြစ်တယ်။ လမ်းမဆိုတာလည်း ခုခေတ်မှ ညောင်ဦး၊ ပုဂံ၊ ချောက်၊ ရေနံချောင်းလမ်းမကြီးမျိုးရှိတာ ရှေးကတော့ မြေလမ်း၊ လှည်းလမ်းတွေ သင့်သလိုရှိနေမှာမို့ တချို့ဂူတွေဟာ လမ်းကိုလိုက်ပြီး မုခ်ကို ထားတာပဲရှိမယ်။ ဒေသခံလူတွေက ဘာကြောင့် မုခ်ထားရတယ်လို့ ထွင်တဲ့ပုံပြင်တွေလည်း ရှိပါတယ်။



mgyoe.com

mgyoe.com



မြတ်စွာဘုရား ဗောဓိပင်အောက်မှာ သဗ္ဗညုတဉာဏ်ရလို့ ပွင့်တော်မူတဲ့အခါ အရှေ့ကိုမျက်နှာပြုပြီး ထိုင်တော်မူတဲ့အတွက် ဗုဒ္ဓဂယာက မဟာဗောဓိ ကျောင်းတော်မှာ အရှေ့မှန်ပဲ ရှိတယ်။

မိဖုရားငယ်တစ်ပါးဟာ နန်းတွင်းကုန်းချောဒဏ်ကို ကြောက်လို့ ပုဂံက ထွက်ပြေးရတဲ့အခါ လမ်းခုလတ်မှာ ရွှေစာရံဘုရားတစ်ဆူ တည်တယ်။ အဲဒီအခါက မင်းဧကရာဇ် နန်းတော်ရှိရာ တောင်ဘက်ကိုလှည့်ပြီး မုခ်ဖောက်ထားခဲ့ပါတယ်။

ပုဂံမှာ ကြီးစိုးနေတဲ့ အရည်းကြီး ရဟန်းတွေကို နှိပ်ကွပ်တဲ့အခါ တချို့အရည်းကြီးတွေက တောင်ဘက်ကို ပြေးတယ်။ စလေကိုရောက်တော့ ခေတ္တခိုနေခိုက် ဂူဘုရားတည်တယ်၊ မုခ်ကို ပုဂံရှိရာ မြောက်ဘက်ကို ဖွင့်ထားတယ်။ ဒီဂူထဲကနေ ပုဂံရှိရာ မြောက်ဘက်ကိုကြည့်ပြီး ပုဂံပျက်စီးအောင် ဂါထာမန္တန်ရွတ်တယ်၊ ဆေးစီရင်တယ်။ ဒါကြောင့် ဂူပေါက်ကို မြောက်အရပ်မှာ ထားတယ်လို့ ပြောတဲ့လူကပြောတော့၊ ချေပတဲ့ဘက်က ပုဂံနေ ဂါမဝါသီရဟန်းတွေကလည်း ဂူပေါက်တောင်ဘက်ကဖွင့်ပြီး ဂူထဲက ရဟန်းတွေ ပရိတ်ရွတ်ပြီး မေတ္တာပို့ကြတော့မှ ပုဂံမှာ အထိတ်တလန့်လျော့ပြီး ရောဂါအန္တရာယ်ကင်းတယ်လို့ ပြောကြတယ်။ ဒီလိုနဲ့ပဲ ပါးစပ်ပြောမှာ ဂူမုခ် အရှေ့ဘက်လှည့်ရင် ဘုရားဂူ၊ အနောက်ဘက်လှည့်ရင် လောကီပညာဆရာတွေ ဆေးစီရင်တဲ့ဂူလို့ ထင်မြင်ပြောဆိုကြပြန်တယ်။

mgyoe.com

ဘယ်လိုပြောပြော ကွင်းဆင်းလေ့လာမှ ကိစ္စပြတ်မယ်ဆိုပြီးတော့ ပုဂံကို အခေါက်ခေါက်သွားခဲ့တိုင်း ဂူပေါက်တစ်ခုတည်းလုပ်ထားတဲ့ ဂူနဲ့ မုခ်စာရင်း ယူကြည့်ပါတယ်။

မြောက်ဘက်မုခ်

(၁) ကျန်စစ်သားဥမင်
(နတ်လှောင်ကျောင်းအနီး)
(၂) ကျန်စစ်သားဥမင်
(ဝက်ကြီးအင်း ဂူပြောက်အနီး)
(၃) ကျောက်ကူ
(၄) နဂါးရုံ (ကျန်သုံးမုခ်ကို ရှေးဟောင်းရုံးကပိတ်)
(၅) ဘုရားသုံးဆူ (ကျန်နှစ်ပေါက်ကို ရှေးဟောင်းရုံးကပိတ်)
(၆) မီးမလောင်ကျောင်း
(၇) မြားသတ်ဥမင်
(၈) ရွှေဂူကြီး
(၉) လောကထိပ်ပန်
(၁၀) သဃ်ရာဇာ
(၁၁) အပယ်ရတနာ
(ကျန်သုံးမုခ်ကို ရှေးဟောင်းရုံးကပိတ်)

အရှေ့ဘက်မုခ်

(၁) ကုသ (ဓမ္မရာဇကအနီး)
(၂) ချောက်ပံလှ
(၃) ဂဇွန်းအို (ဖွားစောရွာအနီး)
(၄) ကန်တော့ပလ္လင်
(၅) ဂူနီညီအမ
(၆) ဂူပြောက်ကြီး (မြင်းကပါ)
(၇) ဂူပြောက်ကြီး (ဝက်ကြီးအင်း)

mgyoe.com

mgyoe.com

(၈) ဂူပြောက်ငယ် (မြင်းကပါ)
(၉) ဂူပြောက်ငယ် (ဝက်ကြီးအင်း)
(၁၀) စုဠ္ဍမဏိ (ကျန်သုံးမှုခ်ကို ရှေးဟောင်းရုံးကပိတ်)
(၁၁) စိုးမင်းကြီးကျောင်း
(၁၂) စိမ်းညက်အမ
(၁၃) ဇံသီး (မင်းနန်သူတောင်ဘက်)
(၁၄) ထီးလိုမင်းလို
(၁၅) နတ်လှောင်ကျောင်း
(ဟိန္ဒူကျောင်း)
(၁၆) နန္ဒမညာ
(၁၇) နန်းဘုရား
(၁၈) ပထိုးသများ (ကျန်သုံးမှုခ်ကို ရှေးဟောင်းရုံးကပိတ်)
(၁၉) ပိဋကတိုက်
(၂၀) ဘုရားလှ (ရွှေဆံတော်အနီး)
(၂၁) မနူဟာ
(၂၂) မလုံးဖြစ် (နန္ဒမညာအနီး)
(၂၃) မဟာဗောဓိ
(၂၄) လေးမျက်နှာ
(၂၅) လက်ပုတ်ကန် (နန္ဒမညာအနီး)
(၂၆) ဝိနည်းမိုရ် (နန္ဒမညာအနီး)
(၂၇) သမုဒိ
(၂၈) သာရဖါ (နတ်စင်)
(၂၉) သကျမုနိ
(ချောက်ဘုရားလှအနီး)
(၃၀) သက်ံန်းရုံ (နန္ဒာမညာအနီး)
(၃၁) သဗ္ဗညု
(၃၂) အလိုဖြေ (ထီးလိုမင်းလိုအနီး)
(၃၃) ဥပါလိသိမ် (ကျန်သုံးမှုခ်ကို ရှေးဟောင်းရုံးကပိတ်)

mgyoe.com

mgyoe.com

(၃၄) အဇ္ဇဂေါ်န

တောင်ဘက်မုခ်

(၁) သမိုးဝှက်ဥမင်

အနောက်ဘက်မုခ်

(၁) စိမ်းညက်အမ (အရှေ့မုခ်အပြင်)
(၂) တိုင်းဂျွတ် (တိုင်းခေတ်)
(၃) နန္ဒာမညာ
(၄) သံတော်ကြား
(၅) သမ္ဗျူလ (သုံးလူလ)
(၆) အစောကြွမ်း

သုရဒ္ဓ၊ အတွဲ (၁)၊ အမှတ် (၁၂)၊
ဒီဇင်ဘာလ၊ ၂၀၀၁။

❐

mgyoe.com

mgyoe.com

# ရှေးဦး မြန်မာစာပေသမိုင်း

မြန်မာစာပေသမိုင်းနဲ့ ပတ်သက်လို့ ဦးဖေမောင်တင် ရေးတဲ့စာအုပ် ၁၉၆၃ ခုနှစ်လောက်က ထွက်ပါတယ်။ ထပ်ဖြည့် ထပ်ပြင်စရာတွေရှိ ပါတယ်။ မူလစာရေးသူကိုယ်တိုင်က ပြင်ဖို့ဖြည့်ဖို့ စဉ်းစားခဲ့ပါတယ်။

ကျွန်တော် အကြမ်းဖြည့်ပြီး ပြောပါ့မယ်။ ယခုပြောတာက ကျွန်တော် အသစ်ဖြည့်တာ ဖြစ်ပါတယ်။

လူတွေဟာ စာရေးတတ်မှ စာပေပေါ်တယ် ထင်ကြတယ်။ ဒါပေမဲ့ ရေးတတ်စရေးတဲ့ အကြောင်းအရာဟာ မရေးတတ်ခင်ကပဲ ရှိပါတယ်။ စာပေဟာ စာပေအရေးအသားမပေါ်ခင်က စတယ်လို့ ပညာရှင်တွေ အယူ ရှိပါတယ်။

အကောင်းဆုံး နမူနာက မြတ်စွာဘုရားဟောတော်မူတာကို ရဟန်း များက နှုတ်တက်ဆောင်ပါတယ်။ ဘုရားပရိနိဗ္ဗာန်စံတာ နှစ်ပေါင်း ၃၀၀ ကြာပြီး သီရိဓမ္မာသောကမင်း လက်ထက်ကျမှ ပေထက်အက္ခရာ တင်ရပါ တယ်။

အနောက်နိုင်ငံမှာလည်း ထင်ရှားတဲ့သူတွေအကြောင်း ကဗျာတွေ

mgyoe.com

mgyoe.com

သီဆိုကြပါတယ်။ သီဆိုပြီးနောက်မှ ဂရိစာဆို ဟိုးမားကဗျာ ရေးချပါတယ်။ အီလီယက်ကဗျာ၊ အိုဒေဆီကဗျာကြီးတွေ ပေါ်လာရပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း မဟာဘာရတဟာ စာအရေးအသား မပေါ်ခင်ကတည်းကရှိတဲ့ စာပေဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း စာအရေးအသား မရေးတတ်ခင်က သီဆိုတဲ့ အကြောင်းအရာတွေဟာ စာပေသဘောဝင်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အရင်နှစ်ပေါင်း လေးသိန်းကျော်လောက်ကတည်းက လူစစ်စစ် စနေပါပြီ။ စာအရေးအသားကို အရင်နှစ်ပေါင်း ၁၆၀၀ လောက်က စပြီး တတ်မယ်ထင်ပါတယ်။ စာရေးတတ်တာ ဘာမျှမကြာသေးပါဘူး။

စာမရေးတတ်တဲ့အချိန်မှာ လူတွေဟာ ဝမ်းနည်းခြင်း ဝမ်းသာခြင်းကို အသံအမျိုးမျိုးနဲ့ သီချင်းလိုဆိုမယ်။ ကာရန် နသောနဲ့ပြောမှာပဲ။ သီကုံးဖွဲ့နွဲ့မှုဟာ လူ့သမိုင်းအစကတည်းက ရှိမယ်။ မှတ်တမ်းတင် မကျန်ရစ်လို့ တိတိကျကျတော့ ဒါတွေကို မပြောနိုင်ပါဘူး။

တူရိယာတွေကလည်း ရှေးကတည်းက ယနေ့အထိ ဆင်းသက်လာတယ်လို့ ယူဆပါတယ်။ ကြိုးသားရေ သတ္တုနဲ့လုပ်တဲ့ တူရိယာတွေဟာ ဝမ်းနည်းဝမ်းသာသဘောကို ဖော်တဲ့ပစ္စည်းတွေပါပဲ။ ရှေးကတည်းကရှိတဲ့ ဖားစည်တွေ၊ မောင်းတွေရဲ့သမိုင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ သို့မဟုတ် ၃၀၀၀ ကတည်းက ရှိပါတယ်။

သီချင်းကို စာမရေးတတ်ခင်က ပေါ်တဲ့စာပေလို့ ယူဆနိုင်ပါတယ်။ အဲဒီလိုပဲ အိမ်မှု၊ အမွေမှုဆိုင်ရာ ဓလေ့တွေဟာလည်း စာမရေးတတ်ခင်က ပေါ်တဲ့စာပေပါပဲ။


စာရေးတဲ့ အတတ်ပညာဟာ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံက လာပါတယ်။ အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနဲ့ ဧတောင်အာရှနိုင်ငံတွေရဲ့ စာရေးသားမှု အရင်းမူလဟာ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေမှာ ရှိပါတယ်။ မြန်မာက အိန္ဒိယရဲ့ စာရေးပုံကို ယူပါတယ်။

အိန္ဒိယမှာ လွန်ခဲ့တဲ့ နှစ် ၄၀၀၀လောက်ကစပြီး စာရေးသားနေပါပြီ။ ပထမ အရုပ်စာဖြစ်ပြီးနောက် ၂၀၀၀ကျော်လောက် ကြာပြန်တော့

mgyoe.com

mgyoe.com


အက္ခရာအရေးအသား ပေါ်တယ်လို့ ယူဆပါတယ်။



အရုပ်စာဆိုတာကို နည်းနည်းရှင်းပြပါမယ်။ အရုပ်ကိုကြည့်ပြီး အဓိပ္ပာယ်ယူတဲ့ သဘောဖြစ်ပါတယ်။ နေထွက်ကို ရုပ်ပုံနဲ့ ရေးသလို၊ နေဝင်ကိုလည်း ရုပ်ပုံအမှတ်အသားနဲ့ရေးတယ်။ အိန္ဒုမြစ်ဝှမ်း ဓလေ့မှာ အရုပ်စာရေးနည်းကို လွန်ခဲ့တဲ့ နှစ် ၄၀၀၀ ကတည်းက ထွန်းကားတာကို တွေ့ပါတယ်။ အရုပ်စာတွေကို အခုထိ အဓိပ္ပာယ် မဖော်တတ်သေးပါဘူး၊ နောက်တော့ အသံထွက်ရေးနည်း ပေါ်လာပါတယ်။ အရုပ်နဲ့အသံကိုမှီပြီး အက္ခရာရေးနည်း ပေါ်လာပါတယ်။ ကမ္ဘာမှာ အရုပ်စာရေးနည်းပေါ်တာဟာ နှစ်ပေါင်း ၇၀၀၀ လောက်ရှိပါပြီ။ အက္ခရာရေးနည်းကတော့ အရင်နှစ်ပေါင်း ၅၀၀၀ လောက်က စပါတယ်။ ရေးတဲ့အလေ့အထ မတွင်ကျယ်လို့ မြန်မြန်မပျံ့နှံ့ခဲ့ပါဘူး။

အိန္ဒိယနိုင်ငံမှာ ဗြဟ္မီအက္ခရာရယ်လို့ ပထမဆုံးပေါ်ပါတယ်။ အရိယအမျိုးသားတွေရဲ့ စာပေကျမ်းဂန်မှာ လူတွေက နှုတ်တက်အာဂုံ ဆောင်ထားတဲ့ ဘုရားရှိခိုးဂါထာ ဆုတောင်းစကားတွေရှိပါတယ်။ နှုတ်တက်ရတဲ့တေးတွေ ဖြစ်ပါတယ်။ နောင်အခါကျမှ အက္ခရာပေါ်တော့ အက္ခရာနဲ့ရေးတာ နှစ်ပေါင်း ၂၈၀၀ လောက်က ဖြစ်မယ်လို့ တချို့က မှန်းဆပါတယ်။ တချို့က လည်း စောလွန်းတယ်လို့ ဆိုကြတယ်။ ဂေါတမ ဗုဒ္ဓနဲ့ ခေတ်ပြိုင်ဖြစ်မယ်။ ဒါကြောင့် အရင်အနှစ် ၂၅၀၀ ကျော်ကပဲဖြစ်စရာရှိတယ်လို့ ပြောကြပါတယ်။ တောင်ပိုင်းက ကဒံဗ အက္ခရာ၊ ပလ္လဝအက္ခရာတွေ ထွန်းကားလာတယ်။

ဒီအက္ခရာတွေကို ကုန်သည်တွေကတစ်ဆင့် မြန်မာနိုင်ငံက ရပါတယ်။ အိန္ဒိယမြောက်ပိုင်းကရေးတဲ့ ဂုတ္တအက္ခရာလည်း အနည်းအပါး မြန်မာနိုင်ငံဘက်ကို ရောက်ပါတယ်။

ရခိုင်မြို့ဟောင်းနားက ဝေသာလီမှာ ရှေးအကျဆုံး စာအရေးအသားတွေ့ရပါတယ်။ ရှေ့ဘိုခရိုင် ဟန်လင်း၊ ပြည်အနီး မှော်ဇာတို့မှာ ရှေးစာအရေးအသားတွေ ကျန်ခဲ့ပါတယ်။ လက်ရေးကိုမှန်းရင် လွန်ခဲ့တဲ့နှစ်ပေါင်း

mgyoe.com

mgyoe.com


၁၆၀၀ (၄ရာစုနှစ်)က လက်ရေးလို့ ယူဆပါတယ်။

ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၆၀၀ ကတည်းက မြန်မာနိုင်ငံမှာ စာရေးနည်းတတ်ပြီလို့ ယူဆပါတယ်။

သာသနာတော်ရောက်လာတဲ့အခါ ကျမ်းတွေရောက်လာပါတယ်။ ကျမ်းရဲ့ ကောက်နုတ်ချက်တွေကို ကျောက်ပြား၊ ရွှေပြား၊ ငွေပြားမှာ ရေးကြပါတယ်။ စာရေးနည်းနဲ့အတူ ဗုဒ္ဓသာသနာစာပေ ရောက်လာပါတယ်။ သာသနာရေး စာပေထွန်းကားလာပါတယ်။ ဒါကြောင့် ဝတ္ထုပုံပြင်တွေကို စာနဲ့ အလေးဂရုပြုပြီး သိပ်မရေးခဲ့ကြပါဘူး။ သာမန်လူတွေအကြောင်းကို ရေးတာ နည်းပါတယ်။

မြန်မာနိုင်ငံမှာ ရှေးကတည်းက လူသေရင် သင်္ချိုင်းမှာ စာရေးတာတွေ့ရပါတယ်။ ပျူတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၆၀၀ က စာစရေးပါတယ်။ မွန်တွေက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀က စာစရေးပါတယ်။ မြန်မာတွေကတော့ လွန်ခဲ့တဲ့ နှစ် ၁၀၀၀က စာစရေးတယ်လို့ အထောက်အထားတွေ တွေ့ရပါတယ်။

စာရေးကိရိယာအနေနဲ့ မြန်မာနိုင်ငံမှာ ဝါးပေါ်၊ ပေရွက်၊ ထန်းရွက်ပေါ်မှာ ကညစ်ဆိုတဲ့ သံချွန်နဲ့ရေးကြပါတယ်။ ပေနဲ့ရေးတာ အများကြီးကျန်ပါတယ်။ ဝါးအကြောပေါ်ရေးတာတွေလည်း အများကြီးတွေ့ရပါတယ်။ ပေစာရဲ့သက်တမ်း ၁၀၀၀ ရှိတယ်လို့ ယူဆကြပါတယ်။ ပုဂံခေတ်က စာပေတွေလည်း တွေ့လာရပါပြီ။ သိမ်းဆည်းပုံကောင်းရင် ဝါးပေါ်မှာ ရေးတာလည်း နှစ် ၁၀၀၀ ခံနိုင်ပါတယ်။

အဆောက်အအုံ နံရံပေါ်မှာ မင်နဲ့ရေးတာလည်း ပုဂံခေတ်လက်ရာ အများ ရှိနေပါသေးတယ်။ ၁၂ ရာစုနှစ်ကစပြီး ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

စာရေးကိရိယာနောက်တစ်မျိုးကတော့ ပုရပိုက်ပေါ်မှာ ကဲ့ကူဆံနဲ့ ရေးတာ ဖြစ်ပါတယ်။ ပုရပိုက်ဆိုတာ မြန်မာစကားလုံး မဟုတ်ပါဘူး။ ဘာမှန်းတော့ မသိပါ။ တစ်ခုစီ အဓိပ္ပာယ်ရမှ မြန်မာစကားလုံးဖြစ်ပါတယ်။ ရှမ်း (သို့မဟုတ်) တရုတ်စကားလုံးလို့ တချို့က ထင်ကြပါတယ်။ ပုရပိုက်ဟာ ကြာကြာမခံပါဘူး။ ဒါပေမဲ့ အနည်းဆုံး နှစ်တစ်ရာကျော်တော့ ခံပါ

mgyoe.com



တယ်။ ပုရပိုက်ပေါ်မှာ စတင်ရေးသားပြုစုပြီး ကျေနပ်ပါမှ ပေပေါ်ကို တင်ရေးလေ့ရှိပါတယ်။ ပေကို သစ်သားခြမ်း ညှပ်ပြီးသိမ်းရင် နှစ်တစ်ထောင်မက ခံနိုင်ပါတယ်။

စာရေးကိရိယာ နောက်တစ်မျိုးက သင်ပုန်းနဲ့ မြေဖြူပါပဲ။

နှစ်ပေါင်းများစွာခံအောင် ကျောက်ပြားပေါ်မှာ စာရေးပါတယ်။ သတ္တုကိုလည်း စာရေးကိရိယာအဖြစ် သုံးပါတယ်။ ရွှေပေ၊ ငွေပေ၊ ကြေးပုရပိုက်တွေလည်း ရှိပါတယ်။ ဆင်စွယ်ပေါ်မှာလည်း စာရေးကြပါတယ်။ အိုးပေါ်၊ ရွှံ့ပြားပေါ်၊ ကြေးခေါင်းလောင်းပေါ် စသဖြင့် ရေးစရာကိရိယာတွေ များပါတယ်။ သတ္တုတွေ၊ ကျောက်ပြားတွေကို လူအများ မသုံးနိုင်ပါဘူး။ မင်း၊ အမတ်၊ သူဌေးတွေသာ သူတို့ကောင်းမှုကို နောက်လူ နောက်သားတွေ မှတ်နိုင်ကြအောင် မှတ်တမ်းတင်တာ ဖြစ်ပါတယ်။

ရွှံ့ပြားပေါ်မှာရေးတာကို မြန်မာနိုင်ငံမှာ ဘယ်တုန်းက စရေးတယ်လို့ မသိရသေးပါဘူး။ ဒါပေမဲ့ ဘုရားပုံကို ကြေးနဲ့လုပ်တဲ့ ပုံစံနဲ့ ရွှံ့ပေါ်ကိုဖိပြီး ပုံဖော်လေ့ရှိပါတယ်။ စာလုံးတွေပါ ပုံပေါ်အောင်လုပ်တာလည်း တွေ့ရပါတယ်။ လက်ရေးပုံစံကိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း၁၆၀၀က လက်ရေးအဖြစ်တွေ့ရပါတယ်။ ဒါပေမဲ့ ကြေးပုံစံတုံးတစ်ခုရရင် နောက်နောင်မှာလည်း ထပ်သုံးနိုင်လို့ ခေတ်အဆက်ဆက် သုံးနိုင်ပါတယ်။ ဒါကြောင့် တချို့ကို

mgyoe.com

ဘယ်ခေတ်ကလို့ ခန့်မှန်းဖို့မလွယ်ပါဘူး။ ဥပမာပြောရရင် ပျူခေတ်က အုတ်ခွက်ကိုလုပ်တဲ့၊ ကြေးပုံစံတုံးဟာ လွယ်လွယ်နဲ့ မပျက်စီးနိုင်တော့ ပုဂံခေတ်မှာလည်းလုပ်နိုင် နောင်ခေတ်အထိလည်း လုပ်နိုင်ပါတယ်။ မူရင်းဖြစ်တဲ့ ကြေးပုံစံတုံး မပျက်သေးတာကို ရပြီးထားတဲ့သူဟာ ပုဂံခေတ်နဲ့ နောက်ခေတ်တွေအထိ ရွှံ့ပေါ်မှာဖိပြီး ပျူခေတ်ပုံစံအတိုင်း လုပ်နိုင်ပါတယ်။

ရွှံ့ပြားပေါ်မှာရေးပြီး မီးဖုတ်တဲ့ဓလေ့ဟာ မြန်မာတွေ အိန္ဒိယနိုင်ငံက ရပါတယ်။ အိန္ဒိယနိုင်ငံကိုတော့ အနောက်အာရှဒေသ မက်ဆိုပိုတေးမီယက လာပါတယ်။ မြန်မာနိုင်ငံမှာကတော့ ကုသိုလ်ကောင်းမှုဆိုင်ရာတွေမှာသာ သုံးတာတွေ့ရပါတယ်။

ပေ၊ ပုရပိုက်တွေနဲ့ရေးတာကို ၁၉၁၈ ခုနှစ်အထိ ရေးတာတွေ့တုန်းပါပဲ။ အင်္ဂလိပ်ဓလေ့ရောက်လာမှ စက္ကူကိုသုံးကြပေမဲ့ တချို့က ကြာကြာခံချင်တယ်ဆိုပြီး ပေနဲ့ရေးနေတာ တွေ့ရပါတယ်။ အထူးသဖြင့် အညာဒေသမှာ သက္ကရာဇ်စာလို့ ခေါ်လေ့ရှိတဲ့ ငွေချေးပေါင်နှံ စာချုပ်ကို ပထမကမ္ဘာစစ်အထိ ပုရပိုက်နဲ့ပဲ မှတ်ထားလေ့ရှိတာ တွေ့ရပါတယ်။

မြန်မာစာကို လွန်ခဲ့တဲ့ နှစ် ၁၀၀၀ က စရေးလို့ ပုဂံခေတ်ကစပြီး ပြောပါ့မယ်။

စပြီးရေးစဉ်က ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ မှတ်တမ်းများရေးပါတယ်။ ပါဠိသက်သက်ရေးတာလည်း ရှိပါတယ်။ ပါဠိမြန်မာ ရောနှောရေးတာလည်း ရှိပါတယ်။ မြန်မာဘာသာပြန်လုပ်ငန်းဟာ ပုဂံခေတ်ကတည်းက စတင်ပါပြီ။ ပါဠိမှ မြန်မာပြန်ပါတယ်။ ဇာတ်တော်တွေကို ဘာသာပြန်တယ်။ ရွှံ့ပြားပေါ်မှာ ဇာတ်တော်အရုပ်တွေပုံဖော်ပြီး စာကမ္ဗည်းတပ်ပါတယ်။ ပုဂံခေတ်အများဆုံး တွေ့ရပါတယ်။

သာသနာယုံကြည်မှုအတွက် ပောပြောရင် ဇာတ်နိပါတ်နဲ့ ထည့်တော့မှ လူတွေပိုမိုစိတ်ဝင်စားမယ် ယုံကြည်ကြတယ်။ ဒါကြောင့် ဘုရား၊ တန်ဆောင်း၊ကျောင်းကန်တွေမှာ ဇာတ်တော်အရုပ်တွေရေးပြီး စာကမ္ဗည်းတပ်ရေးကြပါတယ်။

ဥပမာ နေမိဇာတ်ဟာ ကောင်းမှုလုပ်ရင် ဆုရတယ်။ မကောင်းမှုလုပ်ရင်ဒဏ်ခံရတယ်။ မသေဘဲ ငရဲပြည်နတ်ပြည်ရောက်သွားပုံကိုပြတယ်။

mgyoe.com

mgyoe.com

လူတွေပြန်ပြောပြဆုံးမတယ်။ ဒီအကြောင်းတွေကို ပြချင်လို့၊ နေမိ ဇာတ်တော်ကို ပုံနဲ့စာနဲ့ တွဲပြီးရေးပြပါတယ်။ ဒါနပါရမီကြီးမားရေးအတွက် ဝေဿန္တရာဇာတ်နဲ့ ကမ္ဘည်းရေးတာလည်း ခေတ်စားခဲ့ပါတယ်။ ဒါတွေဟာ ဘာသာပြန်စာပေတွေပါပဲ။

ပုဂံခေတ်မှာ သီချင်းတွေ၊ ကဗျာတွေရှိပါတယ်။ စည်သည်တွေ ပန်တျာတွေရှိကြောင်း၊ နံရံဆေးရေးမှာလည်းတွေ့တယ်။ ရွှံ့ပြားမှာ စဥ့်သုတ်တဲ့ စဥ့်ကွင်းနဲ့လည်း တွေ့တယ်။ ကျောက်စာတော်တော်များမှာလည်း တွေ့တယ်။ ဒီတော့ သီချင်းသည်တွေအတွက် သီချင်းတွေ၊ ကဗျာတွေ ရေးဖွဲ့နေပြီလို့ သိနိုင်လောက်ပါတယ်။


တချို့က မြန်မာကဗျာလင်္ကာဟာ ပုဂံအင်းဝကျမှ စတင်တယ်လို့ ပြောကြတာ မှားပါတယ်။ သီကုံးဖွဲ့ဆိုမှုဟာ လူတွေနဲ့အတူ ပေါ်လာတာမို့ ပုဂံ၊ အင်းဝထက် ရှေးပိုကျတဲ့ ခေတ်တွေကတည်းက မြန်မာကဗျာ ပေါ်ပေါက်နေပါပြီ။ မှတ်တမ်းမကျန်တာဘဲ ဖြစ်ပါတယ်။

ကျောက်စာ မင်စာသာကျန်တဲ့ ပုဂံခေတ်စာတွေမှာတော့ကဗျာရေးထားတာ မတွေ့မိသေးပါဘူး။ အနန္တသူရိယခေတ်ထက်စောတဲ့ကဗျာတွေ အမှန်ရှိနိုင်ပေမဲ့ အနန္တသူရိယရဲ့ကဗျာလို့ ယခုဆိုနေကြတဲ့ ကဗျာဟာ ပုဂံခေတ်စာရေးအသားပုံစံ မဟုတ်ပါဘူး။ ပုဂံခေတ်ရဲ့ လေယူလေသိမ်းမျိုး မဟုတ်ပါဘူး။ အင်းဝခေတ်ပုံစံ ဖြစ်ပါတယ်။ ပုဂံခေတ်ကျောက်စာ မင်စာတွေကို အားလုံးဖတ်ကြည့်ရင် သိနိုင်ပါလိမ့်မယ်။

ပုဂံခေတ်မှာလေးလုံးတစ်ပိုဒ် ရေးပုံမျိုး ကျောက်စာတချို့မှာအနည်းငယ်တွေ့ရပါတယ်။ ပါဠိဂါထာသီကုံးတဲ့ ဓလေ့ကတစ်ဆင့် လေးလုံးတစ်ပိုဒ် ရေးတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် လေးလုံးတစ်ပိုဒ်ရေးနည်း ပုဂံခေတ်ကတည်းက ရှိနိုင်ပါတယ်။ သက်သေပြစရာတော့ ပုဂံခေတ်နောက်ပိုင်း ၁၃ ရာစုနှစ်အကုန်လောက်က ကျောက်စာနှစ်ဆယ်ကျော်လောက်ရှိပါတယ်။

အနန္တသူရိယရေးတယ်ဆိုတဲ့ ကဗျာကို ပုဂံခေတ် ကဗျာမဟုတ်ဘူးပြောတဲ့အတွက် ပုဂံခေတ် စာပေအရေးအသား အဆင့်အတန်း မမြင့်သေးဘူးလို့ယူဆရင် မှားပါလိမ့်မယ်။ ပုဂံခေတ်စာပေမှာ စာအသုံးအနှုန်းကို တွေးယူဖန်တီးပုံ အလွန် အဆင့်အတန်းမြင့်နေပါပြီ။ ဥပမာပြောရရင် နိဗ္ဗာန်

mgyoe.com



ကို မသေပြည်၊ သဗ္ဗညုတဉာဏ်ကို သိစပ်မြင်နှံ့ (ဉာဏ်) အနန္တကို အတိုင်းမသိ၊ အာရမေကို နှလုံးမွေ့လျော်ဖွယ်လို့ ဘာသာပြန်ပါတယ်။ ဘာသာပြန်ချက်၊ တွေးယူဖန်တီးချက် အလွန်ကောင်းမွန်လှပါတယ်။ သာယာအေးချမ်းရာကို ရေကြည်ရာ မြက်နုရာလို့သုံးတဲ့ ပုဂံခေတ်စာပေ အသုံးအနှုန်းကို ယနေ့အထိ မြတ်မြတ်နိုးနိုး သုံးစွဲနေကြတုန်း ဖြစ်ပါတယ်။ ရမ္မက်ကျွန်အဖြစ်မှ တော်လှန်လိုရကားဆိုတဲ့ ပုဂံခေတ်စာပေထဲက တော်လှန်ဆိုတဲ့ စကားလုံးဟာ ယနေ့အထိ သုံးစွဲလို့ကောင်းနေတဲ့ ပုဂံခေတ်စာပေရဲ့ အမွေအနှစ် ဖြစ်ပါတယ်။ လေးလုံးစပ်ကဗျာ ထွန်းကားတာ အင်းဝခေတ်မှာ ဖြစ်ပါတယ်။ ကာရန်နဘောနဲ့ အများဆုံးရေးလာပါတယ်။ စကားပြေတွေလည်း အရေးများလာပါတယ်။ ကဗျာကပိုပြီး ထွန်းကားပါတယ်။

နိဂုံးချုပ်ပြောချင်တာကတော့ –

(၁) မြန်မာနိုင်ငံမှာ စာရေးနည်း မပေါ်ခင်ကဘဲ ဓလေ့ထုံးစံနဲ့ ဝမ်းနည်း ဝမ်းသာမှုကို ဖော်ပြတဲ့ အကြောင်းအရာတွေဟာ စာပေစာရင်းဝင် အကြောင်းအရာတွေဖြစ်တယ်လို့ ဆိုချင်တယ်။

(၂) မြန်မာတွေ ခရစ်တစ်ဆယ့်တစ် ရာစုနှစ်လောက်က စပြီး အက္ခရာ ရေးနည်းတတ်တယ်။

(၃) စာရေးနည်းတတ်တဲ့ အချိန်မှာ ဗုဒ္ဓစာပေကို မြန်မာစာပေ ဖြစ်အောင် ဘာသာပြန်ပါတယ်။

(၄) လောကီစာပေ ဘာသာပြန်က ဆက်ပြီးပါလာပါတယ်။

(၅) ကဗျာလင်္ကာ သိပ်ထွန်းကားတဲ့ ကာလကတော့ အင်းဝခေတ်က စပါတယ်။

စာအုပ်လောက၊

ဒီဇင်ဘာ၊ ၂၀၀၁။

□

mgyoe.com

mgyoe.com

# မင်းလက်သစ်

အာနန္ဒာဘုရားကို အနောက်မုခ်က ဝင်ရင် မတ်ရပ်ကိုယ်တော်ကြီးကို အရင်ဆုံးဖူးရမယ်။ ဘုရားကြီးဝဲယာက ရံနေတဲ့ ကျန်စစ်သား (ဂြိုဟ်ကြီ ဘဝ နာဒိတျပဝရဓမ္မရာဇာ)က လက်နှစ်ဖက်ယှက်လို့ (နမက္ကာရ မုဒြာ)နဲ့ ဘုရားကို လက်ဝဲဘက်က ရှိခိုးနေသလိုပဲ ရှင်အရဟံကလည်း မြတ်စွာ ဘုရားကို လက်ယာဘက်က ရှိခိုးနေပါတယ်။ အများသိတဲ့အတိုင်း အာနန္ဒာ ဂူဘုရားက ပုဂံမြို့ အရှေ့မြောက်ထောင့် သာရပါတံခါးနားမှာ တည်ရှိတယ်။ ပုဂံဆိုတာ လည်း ပျူသုံးဆယ့်နှစ်မြို့အဝင် လုံခြုံရေး တပ်စခန်းချထားတဲ့မြို့ ဖြစ်တယ်။ ခရစ်နှစ်ပေါ်စမှာ ဒီမြို့ရှိနေပါပြီ ။

နာမည်ကျော်တဲ့ ဂူဘုရားကြီးမှာ အဝင်မုခ်လေးခုရှိတယ်။ မုခ်ပြိုင် တစ်ခုစီရဲ့ အဆုံးမှာ ရပ်တော်မူဘုရားကြီး ရှိပါတယ်။ ဗုဒ္ဓသာသနာဝင် မြန်မာတွေရဲ့ ဓလေ့အတိုင်း ပဒက္ခိဏလက်ယာရစ်လှည့်ပြီး ဖူးမြော်ကန် တော့မယ်ဆိုရင် အရှေ့အရပ်က စရမှာပါ။ အစမှာ ကကုသန္ဓ (အရှေ့)၊ ကောနဂမန (တောင်)၊ ကဿပ (အနောက်)နဲ့ ဂေါတမ (မြောက်)ကို ဖူးကြရပါတယ်။ ရုပ်ပွားတော်ကြီးတွေရဲ့ ဉာဏ်တော်ဟာ ပလ္လင်အထက်

mgyoe.com

၃၁ပေရှိတယ်။ ကဿပ မြတ်စွာဘုရားရဲ့ ဝဲယာမှာ ရဟန္တာနှစ်ပါးရှိခဲ့ပါတယ်။ တစ်ပါးတစ်ပါးဟာ ဉာဏ်ပညာ၊ တန်ခိုး၊ အကျင့်ဆိုသလို တစ်ခုခုမှာ သိပ်ထူးခြားလို့ တေဒဂ်ံ (ဧကဒဂ္ဂ = ဤသူမြတ်တယ်) ဘွဲ့ရတဲ့ သံဃာ သုံးဆယ့်ကိုးပါးကို ခေါင်းဆောင်တဲ့ အရှင်သာရိပုတ္တရာက လက်ဝဲနဲ့ အရှင်မောဂ္ဂလာန် လက်ယာက ရှိခိုးလျက်ရှိကြပါတယ်။

ဆိမ်းပူဇော်ရာက မီးစွဲလောင်လို့ ၁၈၇၀ လောက်မှာ မတ်ရပ်ကိုယ်တော်ကြီးပျက်စီးသွားလို့ ကုသိုလ်ရှင် ဒါယကာက မန္တလေးလက်ရာအတိုင်း ပြင်ဆင်ပြီး အသစ်လုပ်လိုက်ပါတယ်။ နောက်ဒါယကာတစ်ဦးက အဲဒီအခါလောက်ကပဲ အရှင်မောဂ္ဂလာန်ကို သိပ်မခက်ခဲဘဲ သရဖူဆောင်း နားတောင်းဆွဲ၊ဘယက်ဆင်၊ လက်ရုံးလက်မောင်းမှာ လက်ကောက်လက်ကျပ်တွေဆင်လိုက်တော့ ရှင်ဘုရင်တစ်ပါး ဘုရားခြေတော်ရင်းမှာ စင်းဝပ်ပြီး ရှိခိုးဟန်နဲ့ တွေ့ရပါတယ်။ ၁၀၈၄ – ၁၁၁၃မှ ပုဂံဘုရင် ကျန်စစ်သားလို့ အမည်ပေးလိုက်တယ်။ သာရိပုတ္တရာကို ဘာမှ မပြောင်းလဲရဘဲ ရှင်အရဟံလို့ နာမည်သစ်ခေါ်လိုက်ပါတယ်။

ဒုတိယ ကမ္ဘာစစ်အတွင်း ညတစ်ညမှာ ဘုရင့်မှာ ခေါင်းနဲ့ လက်တော်ဟာ သစ်စေးသုတ်ထားတဲ့ ရွှေဖြစ်မယ်ထင်လို့ သူခိုးက ဓားနဲ့ခုတ်ဖြတ်ကြည့်ပါတယ်။ အရုပ်ဟာခေါင်းပွ၊ အထဲမှာ အဖိုးတန်ဘာမှမတွေ့။မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနခေါင်းဆောင် ကျော်ကြားစာဝန်က ပုဂံမှ စစ်ဘေးကြောက်လို့ လာရောက်ခိုအောင်းခိုက်ဖြစ်လို့ သူကပဲ ခပ်မြန်မြန်နှာခေါင်းပြန်တပ်၊ လက်သစ်လုပ်ပေး ရှင်ဘုရင်လည်း အာရုံမပျက် ရှိခိုးလျက် ပြန်တွေ့ကြရပြန်တယ်။

ကွန်ပျူတာသတင်းလွှာ၊ အတွဲ (၁)၊ အမှတ် (၈)
မေလ၊ ၂၀၀၁။

❒

mgyoe.com

mgyoe.com

## A New Nose and Hands for His Majesty

Enter the Ananda temple from the west and you will find the standing Gotama Buddha flanked by kneeling Kyanzittha in prayer attitude of hands *(nameskaramudra)* on the left and Shin Arahan kneeling with both hands joined also in prayer on the right. As we all know this temple is located near the Tharapa gate on the northeast corner of the city wall in Bagan which was in existance from about the beginning of the Christian era as a station for garrisons as one of the thirty two settlements of the Pyu people.

The famous temple has four entrances, each being a long passage with the Buddha standing at its end. According to the Buddhist Myanma custom of *Padakkhina* (going round the respected image) one has to start from the east clockwise. Thus the Buddhas are *Kakusanda* (east), *Konagamana* (south), *Kassapa* (west) and *Gorama* (north). Each stands 31feet above the pedestal. Kassapa is flanked by two chief

mgyoe.com

disciples, each of whom was the leader of thirty nine disciples who were honoured with the title *etadagga* (He is Supereme). The two were *Moggalana* on the left and *sariputta* on the right. In about 1870, a lamp in the sanctum started fire and the lord was burnt. A donor made it new. It is quite different from the original. The style is Mandalay. At about the same time, another unknown donor had had a brain wave and changed Moggalana into King Kyzanzittha (AD 1084-1113) without much difficulty. The person who had the ingenuity to change it had to put a crown on the head, ornaments on both ears, and more ornaments on breast, arms and wrists of the monk, and Lo! His Majesty kneels at the feet of the Lord. It was that easy. A change in name was all that was necessary with the other disciple. Sariputta was renamed Arahan.

One night during the 'black out' in the Second World War thieves cut the nose and the joined hands of the king believing that they were gold blackened with tar. The statue is hollow and empty. Chief of the Archaeological Survey who took refuge in Bagan at that time speedily put right to the sacrilege by giving the king a new nose and two hands joined again in piety without interruption.

**4-February-2001**

❐

mgyoe.com

mgyoe.com

# ဘူးရွက်မညို

**အန်းကို အမ်းဟု ဖတ်ပါ။**

မြန်မာဘက်က ရခိုင်ဘက်ကို သွားဖို့ လမ်းလေးကြောင်းရှိတယ်။
မင်းဘူးဆိပ်ကတက်ပြီး သွားရတဲ့ ဘားအိုင်ကြောင်း (၂၄ အောက်တိုဘာ၊ ၁၇၈၄၊ (ကုန်း) ၂။ ၁၉၆၇၊၂) ကြံခင်းကတက်ပြီး သွားရတဲ့ လင်းပတေ့ကြောင်း (ကုန်း ၂၊ ၁၉၆၇၊ ၃)
ပန်းတောင်းဆိပ်က တက်ပြီးသွားရတဲ့ ဥယျာဉ်ပုကြောင်း (၇ ဒီဇင်ဘာ ၁၇၈၄။ ကုန်း၂၊၁၉၆၇၊၄) မော်ဒင်ရစ်ကို လှည့်ရတဲ့ ရေကြောင်း (ကုန်း၂၊ ၁၉၆၇၊၃)

ဒီလမ်းကြောင်းလေးခုမှာ မော်ဒင်ရစ် ရေလမ်းလည်း သိတယ်။ လင်းပတေ့ဟာ အန်းလမ်းလို့လည်း သိတယ်။ မသိတာက ဘားအိုင်ကြောင်း ဖြစ်ပါတယ်။ ၁၀ ဒီဇင်ဘာ ၁၉၉၉ က မြောက်ဦးကို ရောက်တယ်။ မြောက်ဦးက မြောက်ကိုကားနဲ့ မဟာမုနိကိုသွားတော့ ဝေသာလီမရောက်ခင် ကားလမ်းရဲ့အရှေ့ဘက်မှာ ဘူးရွက်မညိုရွာကို တွေ့တယ်။ ဘူးရွက်မညို၊ တိမ်ညိုက ဖအိုင်၊ စေတုတ္တရာရောက်တယ် မဟုတ်လားလို့မေးတော့

mgyoe.com

mgyoe.com


လမ်းစဉ်ပါတီ စီမံကိန်းတစ်ခုမှာ ဒီဘူးရွက်မညိုးလမ်းကို ဖော်ထုတ်ဖို့ အဖွဲ့တစ်ခုကို စေတုတ္တရာအထိသွားဖို့ လွှတ်ဖူးတယ်။ အဲဒီတုန်းက လိုက်ရတဲ့ ကားမောင်းတဲ့ ကားဆရာ ဦးမောင်ဘုချေဆိုရင် စခန်းစဉ် ပြောတတ်တယ် ဗျာ၊ သူ့ခေါ်မေးမယ်ပြောပြီး ကျွန်တော်တို့ မြောက်ဦးမှာ ဆယ်ရက်နေပြီး ပြန်သာလာခဲ့ရတယ်၊ မတွေ့ခဲ့ရပါ။ (ဘူးရွက်မညိုး၊ စေတုတ္တရာ စခန်းစဉ် သိတဲ့လူများနဲ့ ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ပေးပါ။)

အထက်မြန်မာနိုင်ငံ ခရီးလမ်းမ (Routes in Upper Burma , I and II, Compiled by Maj. A B. Fenton, ၁၈၄၄) ထဲမှာ ပါလိုပါငြားရှာကြည့်တော့ လမ်းကြောင်းတစ်ခုပဲ တွေ့ပါတယ်။ အခု မင်းဘူးက ထွက်ပြီး အန်းမှာဆုံးတဲ့ အန်းလမ်းဖြစ်မယ်။ အခုခေတ် ကားလမ်းဖောက်တာနဲ့ စခန်းတချို့တူချင်မှတူမယ်။ ဒါပေမဲ့ သူ့ကိုလည်း လေ့လာမှတ်သားသင့်တယ်လို့ ထင်ပါတယ်။

၁၈၉၁ မှာ တိုင်းတာ မှတ်သားတင်ပြသူ (Lieut H.B. Walker, Intelligence Department)

ဘူးရွက်မညိုးလမ်းကို ပြောနိုင်ရင်ကြောစမ်းပါလို့ ရခိုင်မှာ လူဝင်မှုကြီးကြပ်ရေးအရာရှိအဖြစ်နဲ့ အကြာကြီးနေဖူး

<u>လမ်းအမှတ် (၂၃)ငဖဲက စစ်တွေထိ အန်းတောင်ကြားလမ်း (မြို့ဟောင်းကိုဖြတ်လျက်)</u>

| | | ငဖဲမှ မိုင် | ဖာလုံ | ငဖဲမှ မိုင် | ဖာလုံ |
|---|---|---|---|---|---|
| ၁။ | မင်းလွင်ရွာ | ၄ | ၄ | ၄ | ၄ |
| ၂။ | ချောချင် | ၁၂ | ၀ | ၁၆ | ၄ |
| ၃။ | သက်စခန်း/သာယာစခန်း | ၆ | ၄ | ၂၃ | |
| ၄။ | အန်းတောင်ကြားလမ်းထိပ် | ၅ | ၀ | ၂၈ | |
| | နတ်ရေကန်တောင် | | | | |
| ၅။ | ဝါးတပ် | ၅ | ၀ | ၃၃ | |
| ၆။ | ချောမြေ | ၄ | ၀ | ၃၇ | |

mgyoe.com

mgyoe.com

| | | | | | |
|---|---|---|---|---|---|
| ၇။ | သဲဝတ် | ၈ | ၀ | ၄၅ | |
| ၈။ | အန်း | ၁၃ | ၀ | ၅၈ | |
| ၉။ | မောင်ဥဘင် | ၈ | ၀ | ၆၆ | |
| ၁၀။ | ချောခြေ | ၃ | ၀ | ၆၉ | |
| ၁၁။ | ကုန်းဝ | ၈ | ၄ | ၇၇ | ၄ |
| ၁၂။ | ဒလက် | ၆ | ၀ | ၈၃ | ၄ |
| ၁၃။ | စွက်ဖော | ၁၁ | ၀ | ၉၄ | ၄ |
| ၁၄။ | စကျင် | ၁၀ | ၀ | ၁၀၄ | ၄ |
| ၁၅။ | တုတ် | ၈ | ၀ | ၁၁၂ | ၄ |
| ၁၆။ | ပင်လွင် | ၈ | ၀ | ၁၂၀ | ၄ |
| ၁၇။ | ရေး | ၁၄ | ၀ | ၁၃၄ | ၄ |
| ၁၈။ | မင်းဂါတ် | ၆ | ၀ | ၁၄၀ | ၄ |
| ၁၉။ | မဲတုံး (မလွန်း) | ၈ | ၀ | ၁၄၈ | ၄ |
| ၂၀။ | ငပယ | ၅ | ၀ | ၁၅၃ | ၄ |
| ၂၁။ | မင်ဖြား (မင်းပြား) | ၁၁ | ၀ | ၁၆၄ | ၄ |
| ၂၂။ | မောင်ဘဲ (မြောင်းဘွေ) | ၉ | ၄ | ၁၇၄ | |
| ၂၃။ | မြို့ဟောင်း | ၉ | ၀ | ၁၈၃ | |
| ၂၄။ | စစ်တွေ | ၄၄ | ၀ | ၂၂၇ | |
| | ကုန်းလမ်းပျောက်ပြီး ရေလမ်းရောက်တယ်။ | | | | |

တဲ့ဦးစိန်ရိုးကိုပြောတော့သူကမြောက်ဦးကဦးကျော်ဇောလှဆိုရင်ပြောတတ်မယ်။ တစ်ပွင့်က ကျောင်းဆရာ ဦးသန်းမောင်ပြောတာကို ကျွန်တော် ရေးထားတယ်။ အဲဒါနဲ့ One inch, Quarter inch မြေပုံတွေနဲ့ ချကြည့်ရင် ရနိုင်စရာရှိတယ်လို့ ပြောပါတယ်။ သူပေးတဲ့ စခန်းစဉ်က –

မြောက်ဦး – ၁၀မိုင်ကွာ – တိမ်ညို

ရုံချောင်းကူး

ဘူးရွက်မညိုးရွာရောက်

လက်ကားရွာရောက်

ဘရဝါ(ပါးကွက်အာဏာသား) ကျော်လမ်း

mgyoe.com

mgyoe.com



(ဝေဘာလီတောင်တန်းကိုကျော်)
ကြတ်စင်ရွာ
ဘုရားကြီးကျော်လမ်း (လေးညွှင်းတောင်တန်း)
ဘုရားကြီးရွာ (လေးမြို့မြစ်ကမ်း)(မြောက်ဦးခေတ်၊ တတိယမင်း၊
ဥက္ကဗလ ရာဇာ၏ကောင်းမှုဘုရားကြီးရှိ)
လေးမြို့မြစ်ကူး
မော်ရွာ
ကျောင်းထောင်ရွာ
ဂန့်လာအင်း
ရွှေကျန်ရွာ(ကျီးကန်တောင် / ဖိုးခေါင်တောင်ခြေရင်း)
ဖိုးခေါင်တောင်ကျော်ပြီးလျှင် စေတုတ္တရာကိုဝင်
× × × × ×
စေတုတ္တရာ
အောင်းရွာ
ချင်ရွာ
မန်ကျည်း
တပွင့်
နတ်ကြီး
လက်ပံကျင်း
အပေါ (ကံပက်လက်မြို့နယ်စပ်မှ ရခိုင်ဘက်မြို့ဟောင်းကိုဆင်း)

သစ်တောမင်းကြီး ဦးအောင်မြင်က မြေပုံတွေ ရှာပေးတယ်။ ဒါနဲ့ မြေပုံကြမ်းတစ်ခု ထွက်လာပါတယ်။ မှားတာကို ပြင်ပါ။ စခန်းဆက်ကြတဲ့ နေရာမှာ စခန်းနာမည်တွေ သိရင်ဖြည့်ပေးပါ။ ကျေးဇူးတင်ပါတယ်။

ယခုမှန်းဆပြီး ဆွဲထားတဲ့ပုံမှာ ပြနိုင်သည့်စခန်းစဉ်တွေက –
ဖအိုင်း
ကြည်အုံး
စေတုတ္တရာ
အောင်း

mgyoe.com

mgyoe.com



မန်ကျည်း
တပွင့်
လက်ပံကျင်း
...
ဘုရားကြီး
ဘူးရွက်မညိုး
မြောက်ဦးတို့ဖြစ်ပါတယ်။

ရုပ်ရှင်တေးကဗျာ၊ အတွဲ (၁၇)၊ အမှတ် (၂)၊
ဖေဖော်ဝါရီလ၊ ၂၀၀၁။

❑

mgyoe.com

mgyoe.com



# ဗုဒ္ဓေါ်ရ်မောကန်

ရခိုင်က မလယ(Malaya)ထိ ကမ်းရိုးတန်းတစ်လျှောက်မှာ ရခိုင်၊ တရုတ်၊ ပသီအားလုံး လေးစားတဲ့ ပလီတစ်မျိုးရှိတယ်။ ဟိန္ဒူက သူတို့ နတ်ကွန်း မဟုတ်ရင် ဗုဒ္ဓ၊ မူဆလင်၊ ခရစ်ယာန်ကျောင်းအားလုံးကို ပလ္လိလို့ ခေါ်တယ်။ ရှေးရှေးက နတ်အမျိုးမျိုးကို ယုံသလိုပေါ့။ မူဆလင်စာတွေမှာပါတဲ့ ဗဒြုဒ္ဒိန် ဩလိယ (Badruddin Aulia) ဆိုတဲ့ ပုဂ္ဂိုလ်နာမည်က ရွှေ့လျောလာတဲ့ နာမည်ဖြစ်တယ်။ အခုခေတ် ဘင်္ဂလားဒေ့ရှ်မှာ ဒီပုဂ္ဂိုလ် ကို ခွာဇခိဇာ (Khwaja Khizar) လို့ခေါ်တယ်။ ရေကြီးတာကို ထိန်းတဲ့ နတ် (Spirit of Flood) ဖြစ်တယ်။ ရေနဲ့ဆိုင်တဲ့ ပွဲလမ်းသဘင်မှာ သူ့ကို ပူဇော်ပသရတယ်။ ဒီအယူနဲ့ဒီပူဇော်ပွဲဟာ အနောက်အာရှဆီမိုက် (Semites) တွေဆီက အိန္ဒိယကိုဖြတ်ပြီး ရခိုင်ကိုရောက်လာခဲ့တယ်။ ဟိန္ဒူတွေရဲ့ သိဝဂိုဏ်း (Saivite) နဲ့လည်း ဆက်သွယ်တယ်လို့ ထင်ရတယ်။

ဒီကိစ္စကို ဆာရစ်ချက်တင်ပဲလ် (Sir Richard Temple) က ရန်ကုန်ဂေဇက် (The Rangoon Gazette) မှာ ၁၈၉၃က ဒီလိုရေးလိုက်တယ်။

mgyoe.com

mgyoe.com

ဒေါက်တာ အင်ဒါဆန် (Anderson) က ၁၇ ရာစု အင်္ဂလိပ် ယိုးဒယား ဆက်ဆံရေး (၁၈၉၀၊၂၃၈)"၂၈ ဂျုန် ၁၆၇၈နဲ့ နောက်တစ်နေ့ ကာတာန the Cartana သင်္ဘောနဲ့အတူ ဂျိမ်း The James သင်္ဘော မြိတ် (Mergui) ဆိပ်ကိုဝင်လာတော့ သင်္ဘောအုပ်ချုပ်သူ အာမိဂါဂေါ စလင်း(Armiger Gosline)ကို(အရေးပိုင်) မစ္စတာဝှိုက် (Mr. White) အိမ်ရှေ့ ရီဆိုလူရှင်း (The Resolution) သင်္ဘောမှာ ဝင်ဆိုက်ထားတယ်။ ဒါမှ ဗန်ဒမခေါင် (Bandemakhon) ဘက်ကို သင်္ဘောသားတွေ မသွားမှာလို့ ပြောတယ်" ဆက်ပြီး အင်ဒါဆင်ပြောပုံက မြိတ်သင်္ဘောဆိပ် အနောက်ဘက်မှာ ဗန်ဒမခေါင် ကျွန်းရှိတယ်။ အရှေ့အိန္ဒိယကုမ္ပဏီ ၁ ဖေဖော်ဝါရီ ၁၈၃၀ထုတ်တဲ့ မြိတ်ကျွန်းဆွယ်ပုံကို ဇွန် ၁၈၇၁ ပြင်ဆင် ဖြည့်စွက်ထုတ်တဲ့ မြေပုံမှာ မဒြမကန် (Madramacan) နာမည်နဲ့ ကျွန်း ကလေးကို ပြသေးတယ်။ မြိတ်သားတွေကို မေးတော့ ဒီနာမည်ကို သူတို့မသိ၊ သူတို့က လူတိုင်းဘယ်တော့မဆို ဒီကျွန်းကို ပတော (Pataw) လို့ပဲ ခေါ်ပါ တယ်လို့ ပြောကြတယ်။

ဒီကျွန်းရဲ့ မြောက်ဘက်ကျကျ အရှေ့ဘက်ကမ်းက တစ်နေရာကို မြိတ်ဒေသခံတွေ ဗုဒ္ဓမခန်လို့ခေါ်တဲ့အခါ ကျုပ်က အဲဒီနာမည်ဟာ မဒြ မကန်က ဆင်းသက်လာတာဖြစ်မယ်လို့တွေးမိတယ်။ ပသီ သူတော်စင် ဗုဒ္ဓါရ်ဥဒိန် (Buddhar Udin) နေသွားတဲ့ နေရာလို့ အဆိုရှိတယ်။ သူက မြောက်အရပ်က ပင်လယ်အတိုင်းဆင်းလာပြီး ပတောမြောက်ပိုင်း သဘာဝ အလှကို မြင်တော့ ပင်လယ်ထဲစီးဝင်လာတဲ့ စမ်းချောင်းကမ်းပါးတစ်ခုမှာ တဲထိုးပြီးနေလိုက်တယ်။ အဲဒီနေရာမှာလည်း ကျောက်တုံးကြီး (Boulder) ရှိနေတယ်။ အဲဒီကျောက်တုံးကြီးပေါ်မှာ အရက်လေးဆယ်တိုင်တိုင် တရားထိုင်ပြီး သူဆုတောင်းသမျှ ဘုရားသခင်က ပေးတယ်လို့ ပြောလေ့ ရှိကြတယ်။ မူဆလင်တွေက နောက်တော့ ဒီနေရာကို ဗုဒ္ဓါရ်ဥဒိန်ရဲ့ မခန် (Buddhar Udin's Makban) လို့ခေါ်ကြတယ်။

ထူးဆန်းတဲ့ အချက်တစ်ချက်က မူဆလင်တွေလိုပဲ ဗုဒ္ဓဘာသာဝင် တွေကလည်း ဒီနေရာကို အထွတ်အမြတ်ထားတယ်။ မြိတ်မှာရှိတဲ့ တရုတ် ကလည်း ဒီလိုပဲ ရိုသေလေးစားတယ်။ ဗုဒ္ဓဘာသာဝင်တွေဆိုရင် သူတို့

mgyoe.com

mgyoe.com

ယုံကြည်မှုအတိုင်း ဒီကျောက်တုံးကြီးကို ရွှေချတယ်။ တရုတ်ကတော့ အမှတ်အသားတွေ ရေးထားတဲ့ လေးထောင့်ကွက်ကလေးတွေကို ရွှေရောင်ပြားပေါ်မှာ ဖြစ်ဖြစ် စက္ကူအညိုပေါ်မှာဖြစ်ဖြစ် အလှအပ ရေးခြယ်ပြီး ရေလုပ်ငန်းဆိုင်ရာ နတ်ကို ပူဇော်ကြတယ်။

ဆာဘွဲ့ရကာနယ် (ဗိုလ်မှူးကြီး) စလေဒင် (Sir Edward Sladen) က ပြောဖူးတာက စစ်တွေမြို့စွန်မြို့ဖျား တစ်ဖက်မှာ အင်္ဂလိပ် နာမည်နဲ့ ပွိုင့် (The Point) ခေါ်တဲ့နေရာရှိတယ်။ ရခိုင်တွေ အဲဒီနေရာကို ဗုဒ္ဓေါ မော်လို့ ဒီနေရာမှာ လာနေတဲ့ မူဆလင် သူတော်စင် ဗုဒ္ဓအောင်လိယ (Buddha Aouliah)ကို စွဲပြီး ခေါ်တာဖြစ်တယ်။ အဲဒီ ပုဂ္ဂိုလ် မကွယ်လွန်မီ အချိန်အကြာကြီးကပဲ ဒီနေရာမှာ လာနေသွားပါတယ်။ အဲဒါကြောင့် ရခိုင်ဌာနေတွေက ဘာသာမရွေး ဒီအရပ်ကို မွန်မြတ်တယ်လို့ စွဲလမ်းယုံကြည်နေကြပါတယ်။ ရှိခိုးတယ်။ တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေက နှိပ်စက်မယ်ထင်ရင် အပြစ်ဒဏ်မှ ကင်းလွတ်အောင် ဒီမှာဆုတောင်းရင် ရမယ်လို့ထင်တယ်။ ကျောက်တုံးကြီးတစ်ခုကို ထွင်းပြီး သဘာဝဂူလိုဖြစ် အောင် ဖန်တီးလိုက်တော့ ဗုဒ္ဓဆာဟစ် (Buddha Sahib) က ဝင်ပြီး သီတင်းသုံးပါတယ်လို့ ဆာအက်ဒဝပ် (Sir Edward)က ပြောတယ်။ ပြီးတော့ မူဆလင်တွေက အဲဒီပုဂ္ဂိုလ် သီတင်းသုံးနေထိုင်ဖို့ ကပ်ရက် ကျောက်တုံးပေါ်မှာ ပသီပလိ အသေးလေးကို တည်ဆောက်ပေးကြပါတယ်။

နောက်ကပ်ရက် ကျောက်တုံးကြီး တစ်ခုအပေါ်မှာ (ပသီသူတော်စင်ရဲ့) ကျောင်းသင်္ခမ်းဆောက်ပေးတယ်။ သူ ဘုရားအာရုံပြုပြီး နဖူးနဲ့ ကြမ်းကို တိုက်တိုက်ပြီး ဝတ်ပြုကြိမ်များလို့ ကျောက်ပေါ်မှာပဲ အရာထင် ကျန်ရစ်တယ်လို့ လိုက်ပြလေ့ရှိကြပါတယ်။ ဆာအက်ဒွပ်စလေဒင်အပြောက ဒီသူတော်စင်ဟာ လူသာမန်ထက်ပိုတဲ့ အစွမ်းရှိတယ်။ ဒါကို စ သိသူတွေက ဟိန္ဒူတွေဖြစ်တယ်တဲ့။ သူက သင်္ဘောသားဆိုင်ရာ ရေကြောင်းကိစ္စမှာ အောင်မြင်အောင် ဘေးမသီ ရန်မခဘဲ အန္တရာယ်အပေါင်းက ကင်းလွတ်အောင် လုပ်ပေးနိုင်တယ်။ ဘင်္ဂလီအမျိုးသမီးတွေကဆိုရင် ပူဇော်ကန်တော့ဖို့လာတိုင်း ရေထဲမှာ ပိုက်ဆံအကြွေနည်းနည်း ပစ်ချလေ့ရှိတယ်။ ဒီလို ရေမှာ ပိုက်ဆံပစ်ထည့်တဲ့အခါ ပါးစပ်က ဒဈက ပဋ္ဌပယ်သေ ဗုဒ္ဓရှိ

mgyoe.com

mgyoe.com

ဗုဒ္ဓရုံလို့ ရွတ်ဆိုကြတယ်။

ဒေါက်တာ အန်ဒါဆင်က မူဆလင်တွေဟာ ဗုဒ္ဓကျမ်းစာတစ်ပုဒ် တလေယူပြီး ရွတ်ဆိုတာလား မေးရင် မဟုတ်ဘူး။ သူတို့ဒီလိုမဟုတ်တာ သေချာတယ်လို့ ဖြေပါတယ်။



မြေပုံဟောင်းတစ်ခု (၁၇၆၀) လောက်က ရေးဆွဲတဲ့အထဲမှာ မြိတ် (Mergui) နဲ့ မျက်နှာချင်းဆိုင် ကျွန်းတစ်ကျွန်းဟာ ဗဒြနန် ဖြစ်တယ်။ ဗဒါရ်မောန်ကန် (Badar Moncan) ကျွန်းက နတ်မြစ် (Naaf River) ရဲ့ အနောက်ဘက်ကမ်းမှာ ရှိပါတယ်။ ရှာပုရိကျွန်း (Isle of Shapuri) ပေါ်က သဲသောင်ကြီးကို ဗုဒရ်မကမ် သဲသောင် (Budarmarkan Beach) လို့ ခေါ်ပါတယ်။

ဒန်း (Dunn) ရေးတဲ့ <u>အရှေ့အင်ဒီစ်လမ်းညွှန်</u> (၁၇၈၀) စာမျက်နှာ ၃၃၂ <u>Directory of East Indies, 1780,332)</u> မှာ မြိတ်ကိုသွားတဲ့ သင်္ဘောနဲ့ မြိတ်က ပြန်ထွက်လာတဲ့ သင်္ဘောမှန်သမျှ မြိတ်ရဲ့ အရှေ့တောင်ဘက် တောင်ယွန်းယွန်းမှာ မြင်နေရတဲ့ မဒြမစမ် ကျွန်းနဲ့ ကြားအလယ်ကြောကို ယူပြီး သင်္ဘောမောင်းပါလို့ ရေကြောင်းပြရတယ်။ မြိတ်မှာ ပသီကုန်သည်ကြီးတွေများတယ်။ ပြီးတော့ စာမျက်နှာ ၁၉၈ထိ ဆက်ဖတ်ရင် ရခိုင်မြစ်ဝမှာဆိုရင် ပင်လယ်ထဲကို အစွန်းအရှည်ကြီးထွက်တဲ့ နေရာက အနောက်ကို ပင်လယ် ၆ တိုင် (leagues = 3 miles) သွားရင် ပင်လင်မြစ် မြောက်ဘက်ကမ်းကိုရောက်တယ်။ အဲဒီကအရှေ့ဘက်မှာ

mgyoe.com

mgyoe.com
ဗဒြေမကန်ဆိုတဲ့ ရခိုင်မြစ်မြောက်ဘက်ပွိုင့် (Point) လို့ခေါ်တဲ့ နေရာမှာ ရှိပါတယ်။ သောင်ကမ်းပေါ် မတင်အောင် ကျောက်နဲ့ မတိုက်မိအောင် ဗန်ဒြမကန်ပွိုင့်ရဲ့ တောင်ဘက်ကို ဖြတ်ထွက်ရတယ်။

ဗတ်တလာ (Butler) ရဲ့ မြိတ်ခရိုင်ဂေဇက်တီယ (Gazetter the Mergui District) ၁၈၈၄ ကို ကြည့်တဲ့အခါ ရှေးကဖော်ပြခဲ့တဲ့ နေရာတွေကို မဖော်ပြဘဲထားတယ်။ ၁၃ အောက်တိုဘာ ၈၉၃ မှာ မြန်မာ အတွင်းဝန်များ (Burma Secretariat) ရှိ စီဒက်စ်ဘိန်း (C.S Bayne) ကို သူက ညွှန်းလို့ ရခိုင်ကော်မရှင်နာ (commissioners) မင်းကြီး ကာနယ်ပါရောတ်ရောက် (Parrott) သူ့ရုံးမှာရှိတဲ့ မှတ်တမ်းတွေကို ပေးလိုက်ပါတယ်။

စစ်တွေမြို့မှာ ပွိုင့် (The Point) လို့လည်း ခေါ်တယ်။ စကဲန်ယ်လ် ပွိုင့် (ထောင်ချောက်ထိပ် Scandal Point) လို့လည်း ခေါ်တဲ့နေရာဟာ အမှန်က ကုန်းပိုင်းက မြေစွန်းကျဉ်းကျဉ်းကလေး ပင်လယ်ထဲ စွန်းထွက်နေတဲ့နေရာပါ။ အဲဒီမြေစွန်း အနောက်ဘက်က ကလဒန် (Kaladan) မြစ်ဝဖြစ်ပါတယ်။ ရခိုင်က ဗုဒ္ဓေါမော်ခေါ်တယ်။ မော်ရဲ့ အဓိပ္ပာယ်က အစွန်း၊ဗုဒ္ဓက ဗုဒ္ဓေါရ် (Budder) ကို ဆိုလိုတယ်။ အမှန်က ဥရ်ဒူ (Urdu) နာမည်ရင်း ဗဒ္ဒါမကမ်ကို ပီသအောင် မခေါ်ကြလို့ ဖြစ်တယ်။ မြေစွန်းဆိုရာမှာလည်း ရခိုင်ကမ်းတစ်လျှောက်ပတ်နေတဲ့ တောင်ရိုးရဲ့အစွန်ဖြစ်ပါတယ်။ စစ်တွေတောင်ဘက်မှာ ဒီကုန်းမြင့်အစဟာ အနောက်ဗရုံကာ (Boronga) ကျွန်းဖြစ်သွားတယ်။ တောင်ရိုးကတော့ ရမ်းဗြဲ (Ramrce) ရောက်ပြီးတော့ ချိဒူးပါ (Chedula) ကျွန်းမှာ လုံးဝရပ်စဲသွားပါတယ်။

အခုလိုတောင်စွန်းကို ပိတ်တဲ့နေရာမျိုးမှာ ထောင့်မှန်လို ထောင်နေတဲ့ ကျောက်တွေရှိတယ်။ ရာသီဥတုဒဏ်ကို နှစ်ကုဋေချီပြီး ခံရလေတော့ အောက်ခြေမှာလုံးဝိုင်းလိုက်လို့ ကျောက်တုံးကြီးတွေ အစုအဝေးလိုက်ရှိသလို မြင်ရတယ်။ တချို့ကျောက်လုံးဆိုရင် မြေပြင်အထက်ပေ ၅၀ ထိ မြင့်တာလည်းရှိတယ်။ အဲဒီနေရာကိုပဲ ဗုဒ္ဓေရ်မကန်လို့ ခေါ်နေကြတယ်။ ဒီနာမည်ကလည်း ဒီနေရာမှာ နှစ်တွေ အကြာကြီးလာနေသွားတဲ့ မူဆလင် သူတော် ဗုဒ္ဓေရ်ဩလိယ (Buuder Aulia) ကို စွဲပြီးခေါ်တာဖြစ်တယ်။ ရခိုင်မှာနေကြတဲ့ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးပဲ ဆားရန်ကင်းဖို့ လုပ်ငန်းအောင်မြင်
mgyoe.com

mgyoe.com

ဖို့ ဒီနေရာမှာလာပြီး ဆုတောင်းကြတယ်။ ပတ်ဝန်းကျင်က အကြီးဆုံး ကျောက်တုံးကို ထွင်းပြီး သဘာဝဂူကို ထွင်းဖောက်လိုက်ပြီးကာမှ ဗုဒ္ဓေရှ် ဆဟစ် (Budder Sahib) က ဒီဂူထဲမှာ သီတင်းသုံးသွားပါတယ်။ ကပ်ရက် နေရာမှာ မူဆလင်ပလီတစ်ခုရှိတယ်။ တတိယ ကျောက်တုံးအပေါ်မှာတော့ စေတီပုထိုးက ခုံးမျိုးကို တွေ့တယ်။ ဒီနေရာက အမွန်မြတ်ဆုံးလို့ ထင်ရတယ်။ ဘာပြုလို့လဲဆိုတော့ ဗုဒ္ဓခြေတော်ရာလို ချိုင့်တွေရှိနေလို့ ဖြစ်တယ်။ အခုလို ဟိန္ဒူမူဆလင်နဲ့ ဗုဒ္ဓသုံးမျိုးသုံးဖက် ပူဇော်ထိုက်တဲ့နေရာတွေ စုပြီး တွေ့ရခဲတယ်။ လာပြီး ပူဇော်ကြတာမှာလည်း ခြားနားပုံမျိုး ရှိနိုင်ပါတယ်။ ဒါပေမဲ့ အလေးအမြတ်ပြုကြပုံကတော့ တူညီပါတယ်။ ဒီတော့ ကျွန်တော့် အထင်ကိုပြောရရင် ဗုဒ္ဓေရှ်ဩလ္လိယခေါ် ဗုဒ္ဓေရှ်ဆာဟစ်က မူဆလင်ဖကိရ် (fakir)ဖြစ်ပြီး သူက တန်ခိုးရှိတယ်။ ပရောဖက် (prophet)(တမန်တော် Prophet)အဖြစ်နဲ့ ပူဇော်ရတယ်။ ဒီနေရာမှာ လာပြီးဆုတောင်းကြရင် ဘုရားသခင်က ပိုပြီးနှစ်သက်မယ်လို့ ထင်ကြတယ်။ ဗုဒ္ဓဘာသာဝင်တွေက သူတို့အယူဘက်ဆွဲပြီး သာသနာစောင့် ရက္ခစိုးနတ်နဲ့ တူသလို ထင်မှတ်ကြပြီး ပူဇော်ကြပါတယ်။ သူတို့ကလည်း ပူဇော်စရာတွေ များများနဲ့ ပူဇော်ကြမှာ ဖြစ်ပါတယ်။ ဟိန္ဒူကလည်း ဒီမှာနေသွားတဲ့ ဗုဒ္ဓေရှ်က တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတယ်လို့ သူတို့ကစတင်သိပြီး ပင်လယ်ရေလမ်းခရီးမှာ ဘေးအန္တရာယ်ကင်းပြီး ကိုယ့်အိမ်ကို ကိုယ်ပြန်ရောက်အောင်၊ ပင်လယ်ကူး ကုန်သွယ်ရေးမှာ အကျိုးဖြစ်ထွန်းအောင် ဒီသူတော်စင်က မ,စနိုင်တယ်လို့ စတင်ပြောဆိုသူတွေ ဖြစ်ပါတယ်။ တစ်ခါက မနိတ် (Manich) နဲ့ ကျန် (Chand) ခေါ်တဲ့ ဟိန္ဒူအယူရှိသူ နှစ်ယောက်ဟာ ပရသိန် (ပသိန် Pathein) က စစ်တကောင်း (Chittagong) ကို ပြန်လာတဲ့အခါ 'ရေချို'လိုချင်လို့ စစ်တွေကို ဝင်ရတယ်။ ဗုဒ္ဓေရှ်မကမ် ကျောက်စွန်းမှာ သင်္ဘောဆိုက်ပြီး လူအများရှိခိုးပူဇော်တဲ့ ကျောက်တုံးကြီးတွေနားက ရေချိုကန်ငယ်ကို ရောက်လာကြတယ်။ ဖကိရ် (Fakir) ကိုတွေ့တဲ့အခါ "ငါနေဖို့ ကျောက်ကို ဂူထွင်းပေးခဲ့"လို့ ခိုင်းတယ်။ သူတို့ ကုန်ရှုံးလို့ ဒီတာဝန်မယူပါရစေနဲ့လို့ပြောတော့ ငါခိုင်းတာ လုပ်၊ မင်းတို့မှာ အိမ်ပြန်ကုန်ပါမလာရင် ဒီမြေတွေ ကျုံးတင်သွားလို့ ခိုင်းတယ်။ ပြောတဲ့အတိုင်း လုပ်ကြရပြီး စစ်တကောင်းပြန်ရောက်တော့ ကျုံးတင်

mgyoe.com

mg


လာသမျှရွံ့ဟာ ရွှေဖြစ်တယ်တဲ့။ စိန်ကျောက်တောင် အဆစ်ပါသေးတယ်။

ကနေ့ထိ ဒီလို အံ့သြစရာတွေ ယုံကြည်ကိုးကွယ်သူတွေ တွေ့ကြုံခံစားနေရသေးတယ်လို့ ပြောကြတယ်။ ဒီကတွင်းရေနဲ့ ရေချိုးရင် ကုမရတဲ့ဝေဒနာလည်းပျောက်တယ်။ ဝေဒနာရှင်ကိုယ်တိုင် မလာနိုင်လည်း ကိုယ်စားလွှတ်ပြီး ပူဇော်ဆုတောင်းနိုင်တယ်။ ဖကိရ် (Fakir) ကိုမြင်ရတဲ့ လူပုံးဝင်ပြီး ပြောသံကို ကြားတဲ့လူရှိတယ်လည်း ပြောကြတယ်။ ပူဇော်ကြတဲ့အခါ စားစရာနဲ့ဖြစ်ဖြစ် သောက်စရာနဲ့ဖြစ်ဖြစ် ပသရတယ်။ အခု ဗုဒ္ဓေရ်မကမ်မှာ အရာရောက်ဆုံး ယဇ်ကောင်က ဆိတ်ဖြစ်တယ်။ ဆိတ်ကို သတ်ပြီး ယဇ်ပူဇော်ရင် အကျိုးပေးလည်း မြန်တယ်။ ထိရောက်တယ်လို့ ယုံကြည်တယ်။

သံတွဲမှာလည်း အလားတူ ကျောက်တုံးကြီးတွေ ရှိတယ်လို့သိရတယ်။ ဗုဒ္ဓေရ်မကမ်က ကျောက်တုံးကြီးတွေနဲ့ ဆင်တူတွေဖြစ်တယ်။ ဟိုမှာလိုပဲ လူအများကလေးစားပြီး ဂါရဝပြုလေ့ရှိပါတယ်။ ဘာပြုလို့လဲဆိုတော့ ဗုဒ္ဓေရ်ဆာဟစ်က ရေကြောင်းကိစ္စတွေမှာ မ,စ စောင့်ရှောက်လို့ ဖြစ်ပါတယ်။ သူရဲ့ဂုဏ်သတင်းဟာလည်း မလယ (Malaya)ကျွန်းဆွယ်ထိ ကမ်းရိုးတန်းတစ်လျှောက်မှာ ထင်ရှားကျော်ကြားလှပါတယ်။ ဒါ့ထက်တောင် သြဇာကျယ်ပြန့်မှာ ဖြစ်ပါတယ်။ မြိတ် (Mergui) အနားမှာ မဒ္ဒြမကမ်ရှိနေတာက ဒီစကားမှန်ကန်တယ်လို့ ထောက်ခံနေပါတယ်။ မဒ္ဒြက ဗုဒ္ဓ၊ ဗုဒ္ဓေရ်အထိ အဆင့်ဆင့် ဆင်းသက်လာတာ သေချာပါတယ်။ အဲဒီနေရာတစ်ခုစီမှာ ကျောက်တုံးအနေအထားနဲ့ ရှိခိုးပူဇော်ပသကြပုံတွေကို ယှဉ်ကြည့်ရင် နတ်ကွန်းနှစ်ခုမှာ အယူတစ်ခုတည်း တန်ခိုးရှင်တစ်ပါးတည်း ဖြစ်ရမယ်လို့ ဆိုချင်ပါတယ်။

အခု ဖော်ပြပြီးတာတွေကို ဖတ်ရတဲ့ လူဟာ ဆာအက်ဒဝပ်စလေဒင် (Sir Edward Sladen) ပြောပုံနဲ့ မှတ်တမ်းကောက်နုတ်ချက် ပြောပုံနဲ့လည်း တူညီနေတာကို တွေ့မှာဖြစ်ပါတယ်။ ရှာနိုင်မယ်ဆိုရင် ဆာအာသာဖယ်ယာ (Sir Arthur Purves Phayre) လည်း ဒီအကြောင်းရေးခဲ့ပြီး ဖြစ်မယ်ထင်ရတယ်။ အပေါ်က ဖော်ပြချက်တွေဟာ သူ့အစီရင်ခံစာထဲက ဆင်းသက်လာတာတောင် ဖြစ်နိုင်ပါတယ်။

mgyoe.com

mgyoe.com

ရှေးဟောင်းပစ္စည်း အဆောက်အအုံနဲ့ ရှေးဟောင်းသုတေသန လုပ်သင့်တဲ့နေရာစာရင်း ၁၉၉၂၊ စာမျက်နှာ ၃ မှာ

အမှတ် ၈။ စစ်တွေခရိုင်၊ တည်နေရာ စစ်တွေကျွန်း တောင်ဘက် ပင်လယ်အော်ရဲ့ အရှေ့ဘက်ကမ်း၊ အဆောက်အအုံအမည် ဗုဒ္ဓမကမ်ဂူ။ အစဉ်အလာ ပြောစကားမှာ ဂူနဲ့ပလီကို ဗုဒ္ဓသြလိယအမည်ရှိတဲ့ မူဆလင် သူတော်စင်တစ်ဦးကို အထိမ်းအမှတ်ပြုပြီး တည်ဆောက်ထားတာ ဖြစ်ပါတယ်။ အရင် အနှစ် ၁၂၀ (ခရစ်နှစ် ၁၇၇၁ လောက်က ဖြစ်နိုင်တယ်) စစ်တကောင်းကုန်သည် မနစ် (Mamk) နဲ့ ကျန် (Chand) တို့ ဌာနေကို အပြန် သင်္ဘောမှာ နနွင်း (turmeric) တင်ခဲ့တယ်။ ရေချိုးလိုလို့ စစ်တွေကို ဝင်ရတယ်။ ကျောက်ဆောင် လွတ်ရာမှသင်္ဘောကျောက် ချတယ်။ အခု ဗုဒ္ဓမကမ်နဲ့ တည့်တည့်လောက်မှာ ဖြစ်တယ်။ ညရောက်တဲ့အခါ မနစ်ကို သူတော်စင်က ဒီနေရာမှာ သူနေဖို့နေရာ တည်ဆောက်ပေးရမယ်လို့



အိပ်မက်ပေးတယ်။ လုပ်နိုင်အောင် သူတို့သင်္ဘောပေါ်က နနွင်းတွေ ရွှေဖြစ်စေမယ်တဲ့။ သူတို့ညီနောင်ဟာ နောက်တစ်နေ့ နနွင်းတွေ အမှန်ရွှေဖြစ်တာ တွေ့တော့ ရေတွင်းတူးတယ်။ ပြီးတော့ အခု မြင်တွေ့နေရတဲ့ ဂူကိုလည်း တည်ဆောက်ပေးတယ်။ စောင့်ရှောက်သူနဲ့ ယနေ့သုံးစွဲပုံ ဗုဒ္ဓ၊ ဟိန္ဒူ၊ ပသီ အားလုံးပူဇော်ရာဒေသ၊ လက်ရှိအခြေအနေကောင်းတယ်။ ဂုဏ်သရေရှိ ပသီလူကြီးတစ်ဦးက စောင့်ရှောက်ထားတယ်။

သံတွဲနဲ့မြိတ်မှာ အလားတူ ပူဇော်ရာဌာန တွေ့တယ်ဆိုတဲ့ စကားက

mgyoe.com

mgyee.com


မရေမရာနိုင်လှပါတယ်။ အထောက်အထား သက်သေခံနေရာ မရှိပါ။

မြန်မာနိုင်ငံမှာ ပထမဆုံး ရှေးဟောင်းသုတေသန ဌာနမှူးလုပ်ရတဲ့ ဂျာမန်လူမျိုးပညာရှင် ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ အမီလ်ဖိုခင်ဖား (Emil Forechammer) ရဲ့ ရခိုင်ရှေးလက်ရာတွေအကြောင်း အစီရင်ခံစာ (၁၈၉၂) ခတ်ပုံနှိပ်ပါတ် ၆၈၊(၄၂) စာမျက်နှာ ၆၀ ကစပြီး ရေးသားထားတာကို ကြည့်ရင် –

ရခိုင် ဗိသုကာလက်ရာဟာ မြန်မာပစ္စယံအဆင့်ဆင့်နဲ့စေတီ၊ မူဆလင်တွေရဲ့ ထောင့်လေးထောင့်မှာ မှော်စင် (Minerat) ပါတဲ့ မျှော်စင်နဲ့ ထိပ်အုပ်ကုန်းပဲ တွေ့မယ်။ ရှိခိုးပုံလည်း ဒီလိုပဲရောနှောနေတယ်။ ကျောင်းဆိုရင်လည်း ဗုဒ္ဓဘာသာဝင်ရော မဟာမေဒင် ဘာသာဝင်ပါတတ်ကြတယ်။ ဗုဒ္ဓေရ်မော်ကန်မှာလည်း ကိုးကွယ်သူရှိတယ်။ ထင်ရှားကြီးကျယ်တဲ့ သူတော်စင်ကို မူစလင်တွေက ဗုဒ္ဓေရ်သြလ္လိယ (Budder Auliah) ကို ရည်မှန်းပြီး ဗုဒ္ဓေရ်မောကန်ကို ခရစ်နှစ် ၁၇၅၆ က တည်ဆောက်ခဲ့ပါတယ်။ ရခိုင်ဒုတိယ အရေးပိုင် (Deputy Commissioner) ကာနယ် နယ်လဆင်ဒေဗီးစ် (Colonel Nelson Davies) က ၁၈၇၆ မှာ မှတ်တမ်းတင်ခဲ့တယ်၊ အဲဒါစာကို ခေတ္တငှားယူ ကြည့်ရှုခွင့်ရပါတယ်။ စာတမ်းထဲမှာ စစ်တွေကျွန်းတောင်ဘက်(ဘင်္ဂလား)ပင်လယ်အော်ရဲ့အရှေ့ဖျားလောက်မှာ အုတ်အင်္ဂတေ အဆောက်အအုံ စုစုဝေးဝေးတစ်နေရာမှာတွေ့မယ်။ အဲဒီအထဲက တစ်ခုဟာ မူဆလင်ပလီဖြစ်တယ်။ နောက်တစ်ခုက သစ်ပင်မရှိ ပြောင်နေတဲ့ ကျောက်တုံးကြီးပေါ်မှာ ရသေ့နေဖို့ အပေါ်ထပ်အဆောက်အအုံက တိုက်တန်းလျားဖြစ်နေတယ်။ ဒီနေရာကို ဗုဒ္ဓေရ်မောကန်လို့ ခေါ်တယ်။ ဗုဒ္ဓေရ်ကပသီ သူတော်စင်ရဲ့အမည်ဖြစ်တယ်။ မကန်က နေစရာကျောင်းသင်္ခမ်း ဖြစ်တယ်။ အရင်အနှစ် ၁၄၀ (ခရစ်နှစ် ၁၇၆၃) က စစ်တကောင်းက မနစ်နဲ့ ကျန်ညီနောင်ဟာ အပြန်လမ်းမှာ နဂရစ်အငူကို ပတ်ပြီး ရေဖြည့်ချင်လို့ စစ်တွေကို ရောက်လာတယ်။ သူတို့သင်္ဘော တစ်စင်းလုံး နန္ဒင်းအပြည့် တင်လာတယ်။ သင်္ဘောကို ဗုဒ္ဓေရ်မော်ကန်ကျောက်နားမှာ သင်္ဘောကျောက်ချပြီး ထားတယ်။ ညကျတော့ ကျန်နဲ့ မနစ်က ကျောက်တုံးကြီးတွေနားမှာ ရေကိုသယ်ယူပြီးလို့ အိပ်တဲ့အခါ မနစ်က သူတော်စင် ဗုဒ္ဓေရ် သြလ္လိယက သူနေဖို့ရေရရှိရာ

mgyee.com

mgyoe.com

အရပ်မှာပဲ ကျောက်ဂူထွင်းပေးလို့ အိပ်မက်ပေးတယ်။ သူခိုင်းစေတဲ့အတိုင်း လုပ်နိုင်ဖို့ သူတို့မှာ ငွေနဲ့ပစ္စည်းလုံလောက်အောင် မရှိပါလို့ ပြောတဲ့အခါ မင်းတို့ယူလာတဲ့ နနွင်းကို ရွှေဖြစ်ရင်ကောလို့ မေးတယ်။ မနက်မှာ မနစ်က နနွင်းတွေကို ကြည့်လိုက်တော့ ရွှေဖြစ်နေတာတွေ့တော့ ဂူလည်းဖောက်တယ်။ ရေတွင်းလည်းတူးပေးခဲ့တယ်။ ဂူကို ဒေသခံတွေက ဗုဒ္ဓေါမော်လို့ ခေါ်ကြပါတယ်။ ခရစ် ၁၈၃၄ ကစပြီး စစ်တကောင်း အရေးပိုင် ဝီလီယံ ဒမ်ပီယာ (William Dampire) ရုံးမှာ ပါရှနဲ့ ဥရဒူ အမိန့်တော်တွေကို တွေ့နိုင်ပါတယ်။ ရခိုင်အရေးပိုင် တီဒစ်ကင်ဆန် (T. Dickenson) ရဲ့စာမှာ ဘုဒမော အပိုင်သူကြီး ဟူစိန်အလီ (Hussain Ali) ကို ၁၈၂၅ က ဗြိတိသျှ တပ်တွေကို ကောင်းကောင်းကူညီတဲ့အတွက် ဆုပေးတဲ့အနေနဲ့ ဘုဒမောက ရနိုင်သမျှ ပူဇော်တဲ့ပစ္စည်း၊ လှူတဲ့ငွေကို ကောက်ယူသုံးစွဲနိုင် ခွင့်ပေးမယ်လို့ ရေးသားဖော်ပြခဲ့တယ်။

စစ်တွေ ယာယီတရားသူကြီး အာစီရိပ် (RC Raikes) က ဟူစိန် အလီကို ဗုဒ္ဓေါ်မောကန်ကို စောင့်ထိန်းပါ။ အမျိုးသမီး သီတင်းသည် (female Fakir) မမင်းအောင်ကို (ကိုယ်စား) ဆက်လက်ပြီး တာဝန်ပေးတဲ့အခါ အဲဒီအမျိုးသမီးက ၁၈၄၉ မှာ အဆောက်အအုံကိုလည်း ပြင်တယ်၊ ရေတွင်းလည်း ထပ်ပြီး တူးဖော်ပေးပါတယ်။ အစုစု ကုန်ကျစရိတ်က ငွေ ၂၀၀၀ ဖြစ်ပါတယ်။

ဟူစိန်အလီ (Hussain Ali) ကွယ်လွန်တဲ့အခါ သူ့အလုပ်ကို သား ဖြစ်သူ အဗဒူလာ (Abdula) က ဆက်ခံတယ်။ သူကွယ်လွန်တော့ ညီမ မယ်ပူရဇမယ် (Moorazamal) က ဆက်ခံတယ်။ (ဒီအမျိုးသမီးက) အက်ဗဒူမရိန် (Abdul Marein) ရဲ့ မယားဖြစ်ပါတယ်။ ခုတော့ မယား ကိုယ်စား အက်ဗဒူမရိန်ကပဲ (ဒီနေရာကို) အုပ်ချုပ်စီမံရပါတယ်။

မူဆလင်နာမည်ကို မြန်မာသံက မှန်ကန်အောင် ကောက်ယူဖို့ သိပ်ခက်တယ်။ ဥပမာ မရိန် (Marein) ဆိုရင် မြန်မာတွေက ကရိမ် (Karim) ခေါ်မှာ ဖြစ်ဖို့များတယ်။ အဲဒါထက် အွဒူရ်ရဟိမ် (Abdu'r Rahim) ဖြစ်ဖို့ ပိုနီးစပ်တယ်။ မူရဇမယ် (Moors Zamal) ကိုလည်း မူရဇမတ် (Mura Zamar) ဖြစ်မယ် ထင်ရပါတယ်။ အဆောက်အအုံအတွင်းမှာ ဘာမှ

mgyoe.com

mgyoe.com

ကြည့်စရာမရှိ၊ ရိုးရိုးလေးထောင့်ခန်း ဖြစ်ပါတယ်။ ကျောက်တုံးကြီးကို ထွင်းထားတာတစ်ခန်း၊ တုံးထိပ်မှာတစ်ခန်းရှိတယ်။ အခန်းထဲကို မြောက်နဲ့ တောင်ဘက် နှစ်ဖက်မှာ အဝင်ပေါက်လုပ်ထားတယ်။ အဝင်ကုန်းက သပ်ထိုးကုန်းဖြစ်တယ်။ အတွင်းခန်းကိုလည်း သပ်စိကုန်း(true arch) နဲ့ တည်ဆောက်တယ်။ ဂူက အပြင်အကျယ် ၉ ပေ၊ ၃ လက်မ၊ အရှည် ၁၁ ပေ၊ ၆ လက်မ၊ အမြင့် ၈ ပေ ၆ လက်မ ရှိတယ်။ အတွင်း အရှည် ၇ ပေ၊ အကျယ် ၅ ပေ ၈ လက်မ၊ အမြင့် ၆ ပေ ၅ လက်မ၊ ကျောက်တစ်စိတ်တစ်ပိုင်း အုတ်အင်္ဂတေ တစ်စိတ်တစ်ပိုင်း ဆောက်ထားတဲ့ ဂူဖြစ်တယ်။ အဝင်ပေါက်မှာ အလှဆင်တဲ့ ပန်းခွေလိုဟာမျိုး ဘာတစ်ခုမှမရှိပါ။ နောက်ဂူတစ်ခုလည်း ဒီလိုပါပဲ။ ကြမ်းပြင်ကတော့ တောင်ဘက်ပေါက်ကို နည်းနည်း နိမ့်ဆင်းသွားတယ်။ ပထမဂူထက်လည်း နည်းနည်းငယ်တယ်။ ပလီက အပေါ်ဂူ၊ တက်စရာလှေကားရှိတယ်။ အရှေ့ဘက်မျက်နှာစာက ၂၈ ပေ ၆ လက်မ၊ တောင်ဘက် ၂၆ ပေ ၆ လက်မ၊ အတွင်းခန်းအရှည် ၁၆ ပေ ၉ လက်မ၊ အကျယ် ၁၃ ပေ၊ မျက်နှာကြက်က ၃၈ပေါင်းမိုး (Cupola) ဖြစ်ပါတယ်။ အနောက်နံရံမှာ မုခ်ကပ်(niche) ရှိတယ်။ နံရံတွင်းကို ၁ ပေ ဝင်အောင် ချိုင့်ထွင်းထားတယ်။ အပေါ်ကုန်းထိပ်ချွန်တယ်။ ဘေးတိုင်ဖုံး (Pilaster) ရှိတယ်။ [ဒီအဆောက်အအုံက ပလီတိုင်း ပါရှိနေကျ မျှော်စင် (Minarct) ဖြစ်နိုင်ပါတယ်။] ပါရှင်စာနဲ့ ဒီနေရာကို ကိုးကွယ်ယုံကြည်မှုနဲ့ ဆိုင်တယ်လို့ အသိအမှတ်စာ ရှိတယ်။ ဣဒ်ဂါး (Idgah) ဆိုတဲ့ ဝတ်ပြုဆောင်မှာ 'ဥပေါင်းမိုး' (Cupola) ရှိတယ်။ အနားက ကျောက်ကြားမှာ မရအရ ညှပ်သွင်းထားတယ်။ အားလုံး အပျက်အစီးမရှိ။ အတွဲညီလို့ ကြည့်ကောင်းပါတယ်။ ပလီကို ဗုဒ္ဓသာသနာဝင် ဘုန်းကြီးကျောင်းက အတုယူဟန်ရှိတယ်လို့ ပြောလို့ရတယ်။ ဒီစကားတွေအရ ဒေါက်တာဖိုခင်မာ ထင်သလို ဘုရားကျောင်း၊ ပလီ၊ စေတီအားလုံးရောနေတယ်။ နားရှုပ်စရာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်တွေရဲ့ စေတီယဟာ ဟိန္ဒူ (ဗြာဟ္မဏ) ကျောင်းတော်တွေနဲ့ ဆက်သွယ်မှုရှိရမှာဖြစ်သလို မူဆလင်အဆောက်အအုံတွေရဲ့ ကုန်းပေါက်၊ ကုန်းမိုးတွေဟာလည်း တည်ဆောက်ဖွဲ့စည်းပုံမှာ အပြန်အလှန် ပုံတူကူးယူကြလို့ ရောနှောယှက်တင်ရှိမှာ မှန်ပါတယ်။ ဒါကြောင့် စစ်တွေက ဒီပလီကို
mgyoe.com

mgyoe.com


လည်း ရှေးမှုမပျက်ထိန်းသိမ်းထားသင့်ပါတယ်။

စစ်တွေ ဒုတိယအရေးပိုင် အေအယ်ဟောက် (A.L. Hough) က ၁၃ ဒီဇင်ဘာ ၁၈၉၃ မှာ စာတစ်စောင်ပို့ပေးပါတယ်။ စာရေးသူက ဘင်္ဂါလီအမျိုးသား ပညာအုပ်တစ်ယောက်ဖြစ်မယ် ထင်ရတယ်။ သူ့စာအတိုင်း ဖော်ပြပါမယ်။ ဗောဒေါ်ရုံမုကမ်ကို ဗောဒေါ်ရုံမုခန် ခေါ်မှမှန်တယ်။ ဗောဒေါ်ရုံနေတဲ့အိမ်လို့ အဓိပ္ပာယ်ရှိတယ်။ ဗောဒေါ်ရုံဆိုတာ ဗိရ်ဗောဒေါ်ရုံ ဗောဒေါ်ရုံဆာပ၊ ဗောဒေါ်ရုံ ဩလ္လိယတစ်ဦးတည်းကို အမျိုးမျိုးခေါ်နေကြတာ ဖြစ်တယ်။ သူ့နာမည်က ရှိက် (Shaik) ဗောဒေါ်ရုံဥဒ္ဒန် (Boder uddin) ဖြစ်တယ်။ ဘုရားသခင်ရဲ့တမန်တော် (Prophet) မဟုတ်ပါ။ လူသာမန်ပါပဲ။ အာရေဘီဘာသာစကား၊ ပါရှန်ဘာသာစကားကို ကောင်းကောင်းတတ်တဲ့ မော်လဝီ (Mulvie) ဖြစ်ပါတယ်။ ကုလားလူမျိုး၊ ပန်ချာပီဖြစ်ဖို့များတယ်။ ဒေလီ (Delhi) က ဇမမုစဂျစ် (Jama Musjid) မှာ စတင်ပြီး သာသနာရေး ဝန်ထမ်းဖြစ်ခဲ့ပါတယ်။ သူ့မှာ ဓမ္မမိတ်ဆွေသုံးဦး ရှိတယ်။ ရှေးစကားတစ်ခု ရှိပါတယ်။ ရှေးရှေးက အိန္ဒိယမှာ လူချမ်းသာ တစ်ဦးရှိတယ်။ သူ့မှာ သမီးလှလှ တစ်ယောက်လည်းရှိတယ်။ သူတို့ရှိတဲ့မြို့မှာပဲ တရားကျင့်တဲ့ သူတော်စင် (Fakir) တစ်ဦးလည်းရှိတယ်။ နာမည်က ရှိက်ဖိရတ် (Shaik Firit) လူသိများတဲ့ နာမည်က ရှက်ဖရစ်ဒ် (Shekh Farid) ဖြစ်တယ်။ တစ်နေ့ ဒီသူတော်စင်က လူချမ်းသာအိမ်နားကို ရောက်လာတော့ သမီးလှက နှာခေါင်းကို လက်နဲ့ပိတ်ပြီး နံစော်နေတဲ့ အရူးကြီးလို့ ပြောလိုက်တယ်။ အဲဒီညပဲ



mgyoe.com

mgyoe.com
ကလေးမ ဝမ်းဗိုက်အကြီးအကျယ် နာလာတယ်။ ဘယ်သူမှ မကုနိုင်ဘူး။ သူတော်သူမြတ်ကို စော်ကားလို့ ဖြစ်တာလို့ အပြောများလာပြီး အဲဒီသူမြတ်ကို အိမ်အရောက်ပင့်ခဲ့ပြီး တောင်းပန်ရင် ပျောက်မှာလို့ ပြောပြတာနဲ့ ရှာပြီး အိမ်ကိုခေါ်ပေးကြတယ်။ ငါ့အကျီစုတ်ကို ရေစိမ်ပြီးသောက်ရင် ပျောက်မယ်လို့ဆိုတော့ ဝမ်းဗိုက်က နာလွန်းတာနဲ့ နောက်ဆုံးပြောတဲ့အတိုင်း သောက်ပါတယ်။ အဲဒီအချိန်ကစပြီး ကိုယ်ဝန် ရှိလာတယ်။ ဆယ်လကြာတော့ ဗဒေါ်ရုဒ္ဒိန် (Boderuddin) ကို မွေးပါတယ်။

ဒီပုံပြင်မှာ ဗဒရ် (Badar) ဆိုတဲ့ ဗဒရ်မုကွမ် (Badarmuqam)ဟာ စစ်တကောင်းက ဗဒရ်ဥဒ္ဒိန်ဩလ္လိယ (Badamddin Aulia) ဖြစ်တယ်။ တို့ငယ်ငယ်က နားထောင်ဖူးတဲ့ အရဗ်ယည၌ (Arabian Nights)ပုံပြင်တွေထဲက ဗေဒြေဒိန် (Bedreddin) ဖြစ်ပါတယ်။

ကဲ ဒါတွေ အားလုံးပေါင်းပြီး အချုပ်စကားပြောကြည့်ရအောင်။ စစ်တွေက မြိတ်အထိ ကမ်းရိုးတန်းတစ်လျှောက်မှာ တန်ခိုးကွဒ္ဒိပါဒ်ရှိတဲ့ ရသေ့ရဟန်းလို ပုဂ္ဂိုလ်တစ်ဦး သီတင်းသုံးတဲ့နေရာတွေရှိတယ်။ သူ့ကို ပင်လယ်ခရီးသွားလာတဲ့ (ကုန်သည်သင်္ဘောသားတွေ) လာပြီး ရှိခိုးပူဇော်တယ်။ အခုသိသလောက် သူနဲ့ဆိုင်တဲ့နေရာတွေဆိုတာ စစ်တွေ၊ သံတွဲနဲ့ မြိတ်မှာရှိတယ်။ ဒီလို ပုဂ္ဂိုလ်က လူ့ဘဝကသေပြီး နောက်ဘဝမှာ သူက ဗုဒ္ဓဘာသာဝင်တွေက နတ်၊ ဟိန္ဒူက ဒေဝါ။ မူဆလင်က သူတော်စင်ခေါ်မယ်။ တရုတ်က တစ္ဆေပေါ့။ အရှေ့တိုင်းမှာ ဒီလို (ဖုတ်ပြိတ္တာ တစ္ဆေက အစ ကုမ္ဘဏ်ရက္ခ) နတ်ကို လူအများက ယုံတယ်။ ရှိခိုးပူဇော်ပသတယ်။ ဗုဒ္ဓဝါဒကို လက်မခံခင်ကပဲရှိတဲ့ နတ်ကိုးတဲ့ဓလေ့ဟာ ခုထိ ရှိနေတုန်းပဲ ဖြစ်တယ်။ ပြီးတော့ ဒေသအလိုက်ဒီနတ်ကို (ဗုဒ္ဓဘာသာဝင်တွေက သာသနာတော်စောင့်နတ်ဆိုသလို) သူတို့နဲ့နီးစပ်အောင် ပုံပြင်ထွင်ပြီး ပြောမယ်။ အခု ပုဂ္ဂိုလ်ကိုလည်း မူဆလင်တွေက စစ်တကောင်းဘက်နေ ပင်လယ်ကူးသင်္ဘောသားအများပေါ်ထွက်တဲ့ နေရာဇာတိ ဝိရ်ဗဒါ (Pir Badar) သူတော်စင်ဖြစ်တယ်လို့ အမည်တပ်ပေးလိုက်ကြတာ ဖြစ်တယ်။

စစ်တကောင်းက ဗဒရုဒ္ဒိန်ဩလ္လိယ (Badaru'ddin Aulia) အကြောင်းကို နည်းနည်းထပ်ပြီးသိရအောင် လေ့လာပါတယ်။ ဗေးလ်
mgyoe.com

mgyoe.com
(Beale) ရဲ့ အရှေ့တိုင်း အတ္ထုပ္ပတ္တိ အဘိဓာန် (၁၈၈၁) မှာ –

စစ်တကောင်းခရိုင် (Chittagon District) ရားမတ်ဂန်ဇ်နယ် (Rahmatganj towp) က ခမ်မိုဗာရက်ပလီ (Kadam Mobarah Mosque) ကို နဝပ် (Nawat) မုဟာမက် (Muhammad) ဧယာစိန် Esasin ခါန် (Khan) က စစ်တကောင်း (Chittagong) ရစူလ်နဂါရ် (Rasulnagar) မှာ ၂၀ စက်တင်ဘာ ၁၇၂၃က စတင်တည်ဆောက်ခဲ့တယ်။ အခုထိ မပျက်မစီး အခြေအနေ ကောင်းမွန်ပါတယ်။ ပီရ်ဗဒါရ် (PirBadar) ခေါ် ဗဒါရ် (Badar)ဟာ ထင်ရှားတဲ့ သူတော်စင်ဖြစ်တယ်။ ဗဒရုဒ္ဒိန် ဩလီယာ (Badaou'ddin Aulia) လို့လည်း ခေါ်တယ်။ ဗဒါရ် ဆာဟစ် (Badar Sahib) လို့လည်း ခေါ်တယ်။ ဒီသူတော်စင်ကွယ်လွန်တော့ သင်္ချိုင်းနဲ့ ကျောက်စာကို စစ်တကောင်းမှာပဲ တွေ့နိုင်တယ်။ ကျောက်စာကိုတော့ ထုံးဖြူ အကြိမ်ကြိမ်သုတ်ကြလို့ ဖတ်မရတော့ပါ။ အနားမှာရှိတဲ့ ဖတ်ရတဲ့ ကျောက်စာမှာတော့ ခရစ်နှစ် ၁၇၂၄ ကို တွေ့ရပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ပင်လယ်ရေကြောင်း သွားလာသူတွေနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာကိုတော့ ရှင်းလင်းအောင် မပြောတတ်ပါ။ ရနိုင်သလောက် ဆက်စပ်ကြည့်ရင် အိန္ဒိယမှာ အာရံ (Aryan)တွေ ခရစ်မပေါ်မီ ၁၅၀၀ က ဝင်လာချိန်ထက် အရင်ကပဲ မူလနေထိုင်သူတွေပါ နတ်ကိုးကွယ်နေကြပါတယ်။ ဒါကို ပုံစံနည်းနည်း ခေတ်အလိုက်ပြင်ပြီး လူတွေက မူဆလင် ဖြစ်လာကြပြီဆိုပေမဲ့ ဒီနတ်ကိုးတဲ့အယူက တစ်မျိုးမဟုတ်တစ်မျိုး ကျန်နေတယ်။ ပြန်ပေါ်တယ်။ ပသီသူတော်ကောင်းက သူနဲ့အဆင်ပြေရင် မစနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးတွေ ဝင်လာတယ်။ ထင်ရှားတဲ့ နတ်ကွန်း နတ်စင်လည်း အရေအတွက်လျော့တယ်မရှိ။ တိုးတိုးသာလာတယ်။ အရှေ့ဘင်္ဂလားမှာဆိုရင် ပီရ်ဗဒါရ် (Pir Badar)အပြင် ဇိန္ဒါရဇီ (Zinda Ghzi)ဂါဇီမိယာန် (Ghaz Miyan) နဲ့ ပါန်ကျပီရ် (panch pir)တွေလည်း ရှိပါတယ်။ မြောက်ပိုင်းဟိန္ဒူတွေရဲ့ ဗဒလ် (Badal)ဟာ နောက်တော့ ရေနတ်ဖြစ်လာတယ်။ ရေလမ်း (မြစ်ကြောင်း ပင်လယ်ကြောင်း) ခရီးထွက်ရင် သူ့ကို ပူဇော်ပသလေ့ရှိတယ်။ တချို့က ပေါ်တူကီ (portugesse) သင်္ဘောသားတစ်ယောက် သင်္ဘောပျက်ပြီး သူတစ်ယောက်တည်းမသေဘဲ ကုန်းပေါ်တက်လာတာ၊ သူက သင်္ဘော

mgyoe.com

mgyoe.com




မပျက်အောင် ကာကွယ်ပေးနိုင်တယ်။ သင်္ဘောပျက်လည်း လူမသေအောင် မစနိုင်တယ်ဆိုလို့ တစ်နှစ်တစ်ခါ သူ့နတ်ကွန်းမှာ လူတွေလာပြီး မီးထွန်းပွဲလုပ်ကြတယ်။ တိုင်းရင်းသားတွေက အလှူငွေထည့်ကြရင် ဖရင်ဂီ (Feringi) ဥရောပသား ခရစ်ယာန် သာသနာဝင်)တွေလည်း ထည့်ပါတယ်။ ဒီပေါတူဂီရဲ့ နာမည်ကို ပြောနိုင်သူလည်း ရှိတယ်။ ပါသ်ဂေါလ် ပီရိဗိုသေလို (Pars Gual Peeris Botherto) ဖြစ်ပါတယ်။ သူက ကျောက်တုံးကိုစီးပြီး ရခိုင်က လာခဲ့တာလို့လည်း ပြောကြတယ်။ နှစ်စဉ် ပူဇော်ပွဲကို ရမဇန် (Rama Zan)ရဲ့ နှစ်ဆယ့်ကိုးရက်မှာ လုပ်ရတယ်။

ဟိန္ဒူတွေမှာ ခွာဇခိဇာ (Khwajakhizr) ဆိုတဲ့ ရေနတ် (God of Flood) ရှိတယ်။ နောက်တော့ ပိရ်ဘဒ် (Pir Bhadr) ကိုပဲ ရေနတ် လုပ်လိုက်ပါတယ်။ ဒီနတ်ကို မိမိသားငယ် ခေါင်းရိတ်ပေးတဲ့အခါ ပူဇော်တယ်။ လက်ထပ်တဲ့အခါ လှေငယ်ကို ဆီမီးတိုင်ထွန်းပြီး ရေမှာမျှောရတယ်။ လှေသမားတွေက ဒီနတ်နာမည်ကို ရွတ်ဆိုပြီး မတ်တတ်ဆွဲတယ်။ တစ်မျိုးချဲ့တွင် ပြောကြပုံက ခွာဇခိဇာ (Khwa Khizar) ဟာ မဟာအဲလိဇန်ဒါ (Alexandar the great) ဖြစ်တယ်။ သူက အိန္ဒိယကို မသေဆေးရည် (elixis) ရှာရင်းရောက်လာတယ် ဖြစ်တယ်။ ဒီနတ်ကို မြစ်ဘေးမှာ ချင်းတစ်စိတ်၊ ထမင်းတစ်ဆုပ်၊ ငှက်ပျောနှစ်လုံးသုံးလုံးနဲ့ ပူဇော်ရတယ်။ အခုပြောတဲ့ ခွာဇခိဇာ (khwaja Khizor)ခေါ် ဘယ်သူပဲဖြစ်ဖြစ် အိန္ဒိယမြစ်နဲ့ ပင်လယ်တွေမှာ သွားလာနေရတဲ့လူတွေက သူ့ကို ပူဇော်ပသရင် သင်္ဘောပျက်ပြီး ရေနစ်သေမှာ မစိုးရိမ်ရဘူး။ သားယောကျ်ားမွေးရင်လည်း သူ့ကို ကျေးဇူးတင်လို့ ပွဲပေးရတယ်။ ဩဂုတ်၊ စက်တင်ဘာလမှာ ဘေရာ (Bhera) ပွဲလုပ်ရတယ်။ နတ်ရုပ်ကို ငှက်ပျောဖောင်မှာတင်ပြီး နေဝင်လို့ မှောင်စပြုရင်

mgyoe.com

mgyoe.com

ဆီမီးခွက်ကို မီးထွန်းညှိပြီး မြစ်ပြင်မှာမျှောရတယ်။ ယုံကြည်သူတွေများလို့ မီးဖောင်တွေ ရာနဲ့ချီပြီးရှိတယ်။ အမှောင်ထဲမှာ မီးလုံ့လုံ့လေးတွေကို ရေထဲမှာ မြော်ပါလာတာ သိပ်ကြည့်ကောင်းလို့ လူတွေလည်း ကမ်းပါးညွှတ်အောင် ထွက်ကြည့်ကြတယ်။

ဗုဒ္ဓရုံမောကန်အကြောင်းကို တော်တော်ပြည့်စုံအောင် ရှာလေတွေ့လေ၊ မဖြစ်နိုင်တာတွေလည်း ရောထွေးပြီး ပိုပြီးရှုပ်လာပါတယ်။ ဒါပေမဲ့ မပြည့်စုံသေးပါ။ မြန်မာ့ပင်လယ်ကမ်းရိုးမှာ နတ်ကွန်းတွေရှိတယ်။ ရေလွှမ်းမိုးတဲ့ဘေးကို ကာကွယ်ပေးနိုင်တဲ့ နတ်ဖြစ်တယ်။ ပင်လယ်ရေမှာ နစ်မသေအောင် ကယ်နိုင် မနိုင်တဲ့ နတ်ဖြစ်တယ်။ ပင်လယ်ကုန်ကူးရင်း ကုန်ရှုံးပြီး ဆင်းရဲမသွားအောင် ကယ်နိုင် မနိုင်တဲ့နတ် ဖြစ်တယ်။ ဒီလိုနဲ့ ဟိန္ဒူပုံပြင်၊ မူဆလင်ပုံပြင်နဲ့ ဗုဒ္ဓပုံပြင်တွေရောပြီး ပိုပြည့်စုံလာတယ်ဆိုရင်လည်း ဖြစ်တယ်။ ပိုပြီး မသိတာတွေများလို့ စိတ်ဝင်စားပါတယ်။ ပိုပြီး ရှုပ်လာတယ် ဆိုရင်လည်း ဖြစ်ပါတယ်။ ရှေးနတ်ကွန်းကိုးတဲ့ဘက်ကို ယိုင်သွားတာကတော့ အမှန်ဖြစ်ပါတယ်။

ကျမ်းကိုး

ဆာရစ်ချက်တင်းပဲလ် 'ဗုဒ္ဓရုံမောကန်' ပြန်သူလျာတွဲ ၁၅၊ ပိုင်း၁၊ ဧပြီ ၁၉၂၅၊ ၁–၃၃။

ရုပ်ရှင်တေးကဗျာ၊ အတွဲ (၁၇)၊ အမှတ် (၆)၊
ဇွန်လ၊ ၂၀၀၁။

❒

mgyoe.com

mgyoe.com

# မြတ်စွယ်တော်

တောင်ငူမင်း သီဟသူ ၉ ဒီဇင်ဘာ ၁၅၉၉ မှာ ဟံသာဝတီကို သိမ်းတယ်။ နန်းကျ ငါးဆူဒါယကာမင်းကို မိဖုရားခေါင်နဲ့ ကိုယ်လုပ်တော် နှစ်ကျိပ် ကျော်ပေးပြီး ဝေါနဲ့တောင်ငူကိုပို့တယ်။ နောက် ၄ ဖေဖော်ဝါရီ ၁၆၀၀ မှာ ဟံသာဝတီမှာရှိတဲ့ ရုပ်တု ဆင်းတု သပိတ်တော်စွယ်တော် ပိဋကတ်ကျမ်း အရိယာသင်္ဘောတော်တို့ ရှေ့ကထားပြီး ကေတုမတီ (တောင်ငူ)ကို ပြန် တယ်။ ဒီလို ဟံသာဝတီက တောင်ငူကိုပင့်သွားတဲ့ စွယ်တော်ဟာ သီရိလင်္ကာက ရထားတဲ့ စွယ်တော်ဖြစ်ပါတယ်။

စွယ်တော်သမိုင်းအကျဉ်းမှာ အိန္ဒိယ ကလိင်္ဂတိုင်း စန္ဒပုရပြည် ကုသိဝမင်းရဲ့ သမီးတော် ဟေမမာလာ သမက်တော် ဒန္တမင်းသားတို့က ပင့်ဆောင်ခဲ့လို့ သီရိလင်္ကာကိုရောက်တယ်။ ဓမ္မပါလမင်းက ၁၅၇၆-၇ မှာ ဟံသာဝတီ ဆင်ဖြူရှင်ကို ဆက်တယ်။ ဟံသာဝတီ ၁၅၉၉ မှာ ပျက်တဲ့ အခါ တောင်ငူကိုရောက်သွားတယ်။ သန်လျင်က ဇင်ကာ ၁၅ ဩဂုတ် ၁၆၁၂ လာရောက်ကိုက်လို့ တောင်ငူပျက်တဲ့အခါ စွယ်တော်ကို အနောက် ဘက်လွန်မင်းပင့်လို့ အဝကို ရောက်တယ်။ နောက် သာလွန်မင်းတရား

mgyoe.com

mgyoe.com
က ၂ ဒီဇင်ဘာ ၁၆၆၃ မှာ ရာဇာမဏိစူဠာဘုရားကြီးမှာ ဌာပနာလိုက်တယ်။

သီရိလင်္ကာ ကန္ဒီ ကန်တော်ကြီးမြောက်ဘက်ကမ်းစပ်မှာ ဒါဠာဓာတုဃရ ခေါ်တဲ့ စွယ်တော်တိုက်ရှိတယ်။ အဲဒီစွယ်တော်တိုက်ထဲမှာ ကိန်းအောင်းတဲ့ စွယ်တော်ဟာ ဝါညိုရောင်ရှိတယ်။ ဆင်စွယ်နဲ့လုပ်ထားတာ။ ကာလကြာသော် ဆင်စွယ်ရောင်က ညိုဝါရောင်ဖြစ်တာပါလို့ သီဟိုဠ်နိုင်ငံတွင်း အရေးအခင်းများ ၁၈၂၁ မှတ်တမ်းမှာ ရေးထားတယ်။ (Davy 1821,368) ရှေးကျတဲ့ ဗုဒ္ဓဘာသာဝင်တွေထဲမှာ သရီရဓာတု (ဓာတ်တော်) တွေ အကြောင်းပဲပါတယ်။ စွယ်တော်အကြောင်း မတွေ့ပါ။ ဓာတ်တော်ဝေစုယူတဲ့မင်း ရှစ်ပါးစာရင်းမှာလည်း နောင် စွယ်တော်ကို ကိုးကွယ်တယ်ဆိုတဲ့ ကလိင်္ဂမင်းမပါ။ နောင်မှ စွယ်တော်တစ်ဆူက နတ်ပြည်၊ တစ်ဆူက ဂန္ဓာရ၊ တစ်ဆူက ကာလိင်္ဂ၊ တစ်ဆူက နဂါးပြည်လို့ ရေးလာတယ်။ သီရိလင်္ကာဖြစ် ထိုးဓာတ်ဖြစ်မယ်လို့ မယုံသင်္ကာရှိစရာ ဖြစ်ပါတယ်။ (Hocant 1931,1) ဒီလိုပြောတာ တစ်ဆယ့်သုံးရာစုနှစ်လောက်က ထင်ရပါတယ်။ နောက်တော့ ဂေါတမမြတ်စွာဘုရား စွယ်တော်အပြင် တခြားဘုရားတွေရဲ့ စွယ်တော်တွေပါ ဘယ်ဒေသတွေမှာ ရှိတယ်လို့ ရေးလာကြတာပဲ ရှိပါတယ်။ စွယ်တော်ကို ဖော်ပြတဲ့အခါတိုင်း သပိတ်တော်ကိုလည်း ပူးတွဲဖော်ပြလေ့ရှိကြတယ်။ တောင်အိန္ဒိယက ပန်ဍျတွေ လာရောက်တိုက်ခိုက်လုယူသွားလို့ စွယ်တော်ဟာ ၁၂၈၀ လောက်မှာ အိန္ဒိယရောက်သွားလို့ တတိယ ပရာကြမဗာဟုမင်းက သီရိလင်္ကာကိုပြန်ပြီး ပင့်လာရပြန်တယ်။

ပေါ်တူကီတွေက ၁၅၆၀ မှာ စွယ်တော်ကို လုယူပြီး ဂိုအာ (Goa) ကိုပို့လိုက်တယ်။ ဟံသာဝတီ ဆင်ဖြူရှင်က စွယ်တော်ကို ပူဇော်လိုပါတယ်။ တောင်းသမျှ ရွှေပေးမယ်လို့ သံတမန်လွှတ်ပြီးပြောပေမဲ့ မပေးမလှူ။ သာသနာပိုင်ချုပ်(Archtishop) အမိန့်နဲ့ လူပရိသတ်ရှေ့မှာ ပေပေါ်တင်ပြီး တူနဲ့ ထုချေတယ်။ အမှုန်ကို ပင်လယ်မှာ ပစ်ချခဲ့တယ်။ သီရိလင်္ကာဘက်က အပြောမှာ စွယ်တော်စစ်ကို ပေါ်တူကီတွေမရ၊ အတုကိုသာ ရသွားပြီး စောစောကပြောသလို ဖျက်ဆီးပစ်တာ ဖြစ်တယ်တဲ့။ သီရိလင်္ကာကို ၁၈၁၅ မှာ အင်္ဂလိပ်က သိမ်းယူတဲ့အခါ တိုင်းရင်းသားတွေရဲ့ယုံကြည်မှုကို မထိခိုက်စေရပါလို့ ဝန်ခံကတိပေးလို့ အခုထိ ကိုးကွယ်ခွင့်ရနေပါတယ်လို့ဆိုပါ
mgyoe.com

တယ်။ အင်္ဂလိပ်က လက်နက်ကိုင်အစောင့်ရှောက် ပေးထားတာကိုတော့ ၁၈၅၆ ခုနှစ်မှ ရုပ်သိမ်းခဲ့ပါတယ်။

ကန္ဒီ (Kandy) စွယ်တော်တိုက်မှာ ရှိတဲ့ စွယ်တော်က ဂိုအား (Goa) မှာ ဖျက်ဆီးပစ်တဲ့အချိန်မှာ သီရိလင်္ကာကို ပြန်ရောက်လာတယ်။ နောက် တစ်နေရာကိုလည်း စွယ်တော်ပွားတစ်ဆူရောက်လာတယ်။ နောက် တစ်နေရာကို ရောက်တဲ့ စွယ်တော်ပွားက ဟံသာဝတီ၊ တောင်ငူနဲ့ အဝကို ရောက်ပြီး ယခု စစ်ကိုင်းကောင်းမှုတော်မှာ ဌာပနာထားတာပါ။

ကလျာ၊ အမှတ် (၁၉၇)၊
ဇူလိုင်လ၊ ၂၀၀၁။

❒

mgyoe.com

mgyoe.com

# မြန်မာ ဝိဇ္ဇာ သိပ္ပံ အကေဒမီ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ (Myanmar Acad-emy of Arts and Sciences)ကို ၁၆ ဩဂုတ်၊ ၁၉၉၉ မှာ ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာစာအဖွဲ့၊ မြန်မာသမိုင်းအဖွဲ့တွေနဲ့ အလားတူ တန်းတူဖြစ်တယ်။ နိုင်ငံထူထောင်ရာမှာ အသိပညာရှင် အတတ်ပညာရှင်တွေက မိမိနိုင်ငံ မိမိလူမျိုးဆိုတဲ့ ကိုယ်စီစွမ်းသလောက် ပါဝင်ဆောင်ရွက်ရမယ်။ မြန်မာစာအဖွဲ့၊ မြန်မာသမိုင်းအဖွဲ့၊ ပညာရေး သုတေသနအဖွဲ့တွေရဲ့အင်အားကိုလည်း ရနိုင်သလောက်ယူ၍ အလုပ်လုပ်ရမယ်။ ဝိဇ္ဇာဘာသာရပ် ၁၁ ခု၊ သိပ္ပံဘာသာရပ် ၈ ခု၊ စီးပွားရေး၊ ဥပဒေပညာ၊ သင်ကြားမှုနဲ့ သင်ယူမှုပညာ၊ ဘာသာစကား ဘာသာရပ် ၄ ခု၊ အစုစုဘာသာရပ် ၂၃ မျိုးက အစုအစု အဖွဲ့ဝင်ပေါင်း ၇၁၇ ဦး ရှိတယ်။

သမိုင်း လေ့လာသူတစ်ယောက်အနေနဲ့ ရှေးရှေးက အကေဒမီဆိုတာ ဘယ်ဟာမျိုးလဲလို့ ပြန်ကြည့်မိပါတယ်။ ပြင်သစ်နိုင်ငံလူဝီ ၁၄ (Louis XIV, 1643-1715) လက်ထက်မှာ ဓာတုပညာရှင်တချို့ကို မင်းက

mgyoe.com

mgyee.com

အငြိမ်းစား လစာများများပေးပြီး ချီးမြှင့်ပါတယ်။ အကေဒမီကို လူဝီ ၁၃ (Louis XIII, 1610-1643) ကပဲ အမတ်ကြီးရေရှယ်လေ (Richelieu ၁၆၄၂ ကွယ်လွန်) က စတင်ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ပထမအစမှာ ဒီအဖွဲ့က ပြင်သစ်ဘာသာစကားကို အသုံးအစွဲများဖို့၊ မှန်မှန်ကန်ကန် ပြောတတ်ဖို့၊ ချောချောင်ငံငံပြောဆိုဖို့ လုပ်ဆောင်ပေးရမယ့်အဖွဲ့ဖြစ်ပါတယ်။ အဖွဲ့ဝင် လေးဆယ်သာရှိပြီး ဒီလိုအဖွဲ့မျိုးမှာ ပါဝင်ရတာကို သိပ်ဂုဏ်ယူကြပါတယ်။ သိပ္ပံပညာ တိုးတက်ကြီးပွားဖို့ ရည်ရွယ်ပြီး ပညာရှင်ကြီးတွေရဲ့ ဂျာနယ် (The Journal des Savants) နာမည်နဲ့ ဂျာနယ် တစ်စောင်ထုတ်ခဲ့တာ ဒီကနေ့အထိ ထုတ်ဝေဆဲပါပဲ။ ကိုဗာ (Colbert) က ပါရီ (Paris) မှာ နက္ခတ်မျှော်စင် (astronomical observatory)ကို ဆောက်တယ်။ ဘုရင့်စာကြည့်တိုက် (The Royal Library) မှာ အစက စာအုပ် တစ်သောင်းခြောက်ထောင်က နှစ်သန်းခွဲအထိ တိုးပွားလာတဲ့အတွက် ဟိုအခါက ပညာရပ်ကျမ်းမျိုးစုံလို့ ကမ္ဘာကျော်ဖြစ်ခဲ့တယ်။ ကနေ့အထိပဲ ကမ္ဘာ အရပ်ရပ်က ပညာရှင်တွေ ကျမ်းကိုးရှာဖို့ လာရောက်ကြတယ်။ နိုင်ငံအစိုးရ ကလည်း ပဓာနအကျဆုံးတာဝန်ဟာ စာပေအနုပညာနဲ့ သိပ္ပံကို နိုင်ငံတကာ က အတုယူလောက်တဲ့အထိ မြှောက်စားအားပေးမယ်လို့ သတ်မှတ်တယ်။ ဒီလိုလုပ်ငန်းမျိုးမှာ တက္ကသိုလ်ဆိုတဲ့ အဖွဲ့အစည်းမပါလို့ မဖြစ်၊ တက္ကသိုလ် ဝန်ထမ်းတွေ မပါလို့မဖြစ် ပါဝင်ကြရမှာ ဖြစ်ပါတယ်။

အခုအခါ နာမည်ကြီး တက္ကသိုလ်တွေဟာ ခေတ်လယ်(Middle Ages) က စတင်ပေါ်ပေါက်ပါတယ်။ ခေတ်လယ်ဆိုတာ ခပ်လွယ်လွယ် ပြောတော့ ဥရောပ(Europe) မှာ ငါးရာစုနှစ်က တစ်ဆယ့်ငါးရာစုအထိ ကာလကို ခေါ်တာဖြစ်တယ်။ ကမ္ဘာမှာ ခေတ်လယ်အခြေအနေမျိုးကို ခုထိ ဆက်လက်ကျင့်သုံးနေလို့ သိပ်ခေတ်နောက်ကျတဲ့ နိုင်ငံနဲ့လူမျိုးတွေရှိပေမဲ့ အများစုကတော့ ခေတ်သစ်ထဲမှာ တိုးတက်ကြီးပွားနေကြပါတယ်။ ရောမ ဧကရာဇ်နိုင်ငံကြီး (Roman Empire) ပျက်သုဉ်းတော့ ပညာရေး သိပ်အားနည်းပြီး အမှောင်ခေတ် (Dark Age) လို့ တင်စားပြီး ခေါ်တဲ့အခါ မှာ အီတလီ (Italy) နဲ့ စပိန် (Spain) က လွဲပြီး အဆင့်မြင့်ပညာကို သင်ကြားပို့ချတဲ့နိုင်ငံ မရှိသေးပါ။ အဲသည် နှစ်နိုင်ငံမှာတော့ အဆင့်မြင့်

mgyee.com